ပြန်လည်ကြွလာခြင်း သတင်းကောင်း

August 2021

HERALD *OF HIS* COMING

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အားသမ္မာတရားထဲသို့ လမ်းပြပေး၏

(The Holy Spirit Guides Us Into All Truth)

R.A Torrey (1856-1928)

သင်တို့အား ငါပြောစရာစကား အများရှိ သော်လည်း၊ သင်တို့သည် ယခုမခံနိုင်ကြ။ သမ္မာ တရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသ လိမ့်မည်။ထိုဝိညာဉ်တော်သည်ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကိုဟောပြော လိမ့်မည်။

နောင်လာလတ္တံ့သောအရာတို့ကိုလည်း သင်တို့ အားဘော်ပြလိမ့်မည်။ ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေ လိမ့်မည်။ အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သော အရာကိုယူ၍သင်တို့အားဘော်ပြလိမ့်မည်(ယော ၁၆း ၁၂-၁၄)။ ကျွန်ုပ်တို့သည် လူတို့ထံမှများစွာ သင်ယူနိုင်သော်လည်း ထို သူတို့အပေါ်၌ကျွန်ုပ်တို့ မမှီခိုပေ။ကျွန်ုပ်တို့ကိုသွန်သင်ပေးသည့်မြင့်မြတ် သော သန့်ရှင်းသောဝိညာဉ်တော်ရှိ၏။

သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်ရိုက် သွန်သင်ပေးခြင်းမရှိလျှင် ကျွန်ုပ်တို့သည် သမ္မာ တရားကိုအမှန်တကယ်သိရှိနိုင်မည်မဟုတ်။ မည်ကဲ့သို့သောဆရာများမှ ကျွန်ုပ်တို့ကို သွန်သင်ပေးသည် ဖြစ်စေ လူ၏သွန်သင်ဆုံးမမှုသည်မည် သည့်အခါ၌မျှ မှန်ကန် သော၊ တိကျသော၊ ပြည့်စုံ သောနား လည်မှုပေးစွမ်းနိုင်မည်မဟုတ်ပါ။ နှုတ် ကပတ်တော် အား အင်္ဂလိပ်ဘာသာစကား ဖြင့်ဂင်း၊ မူရင်း ဘာသာ စကားအားဖြင့်ဂင်း ဝိရိယရှိစွာလေ့လာမှုသည်လည်း သမ္မာတရားကိုမှန်ကန်စွာနားလည်စေနိုင်မည် မဟုတ် ပါ။ သန့်ရှင်းသော ဝိညာဉ်တော် တိုက်ရိုက် သွန်သင် မှသာလျှင်ကျွန်ုပ်တို့နားလည်နိုင်မည်ဖြစ်ပြီး ကျွန်ုပ်တို့ သည်လည်း ထို သွန်သင်မှု အား တစ်ဦးကို တစ်ဦး သွန်သင်ပေးကြရမည်ဖြစ်၏။ ဂရိ စကားသို့ မဟုတ် ဟေဗြဲ စကားတစ်လုံးမျှပင်မသိသော်လည်း ဤ နည်းအားဖြင့်သွန်သင်ခြင်းခံရသောသူသည်ဂရိ

စကားနှင့် ဟေဖြဲဘာသာစကားများကို စေ့စေ့ စပ်စပ် သိ၍ ဝိညာဉ်တော်၏ သွန်သင်ခြင်း မရှိသောသူထက် ဘုရားသခင်၏သမ္မာတရားအကြောင်းကိုပို၍နားလည် လိမ့်မည်။

ဝိညာဉ်တော်သည် သူသွန်သင် ပေးသည့် သူအား ခပ်သိမ်းသော သမ္မာတရားထဲသို့ လမ်းညွှန် ပေးလိမ့်မည်။ ဘုရားသခင်၏ သမ္မာ တရားတစ်ခု လုံးသည် ကျွန်ုပ်တို့တစ်ဦးချင်းစီတိုင်းအတွက်ဖြစ် သော်လည်း သန့်ရှင်းသော ဝိညာဉ်တော်သည် သမ္မာ တရားအားလုံးအားတစ်ရက်တည်းသို့မဟုတ်တစ်ပတ် တည်း၊တစ်နှစ်တည်းဖြင့် သွန်သင်ပေးမည်မဟုတ် ပေ။ တစ်ဆင့်ပြီးတစ်ဆင့် သွန်သင်ပေး လိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ကိုဖော်ပြ၏

ထိုသူသည် ငါ့ဘုန်းကိုထင်ရှား စေလိမ့် မည်။ အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သောအရာကို ယူ၍ သင်တို့အားဘော်ပြလိမ့်မည်။ ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေငင်းတို့နှစ်ဦးလုံးအတွက် သန့်ရှင်း သောဝိညာဉ်တော်၏အထူးသွန်သင်ချက်မှာ ယေရှု ခရစ်တော်ဖြစ်ပါသည်။ အရာ အားလုံးထက် သခင် ယေရှု ခရစ်တော်ကိုဖော်ပြ၍ ဘုန်းတော်ထင်ရှား စေခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ် ပင်ဖြစ်၏။ သူ၏သွန်သင်ချက်အားလုံးသည်ခရစ် တော်ကို ဗဟိုပြု၍ ကျွန်ုပ်တို့အား ယေရှုခရစ်တော် ထံသို့ အစဉ်ပို့ဆောင်ပေး၏။

ခရစ်တော်ကိုယ်တိုင်ချီးနှိမ်ခံရပြီးမျက်ကွယ် ပြုခံရမည်ကိုစိုးရိမ်သောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်၏အကြောင်းဖြစ်သည့် သမ္မာ တရားကို အလေးထားရန်ကြောက်ရွံ့သောသူအချို့ရှိ၏။ သို့ သော်လည်းသန့်ရှင်းသော ဝိညာဉ်တော်ကဲ့သို့ ခရစ် တော်ကို ချီးမြှောက်မည့်သူမရှိပါ။ သန့်ရှင်းသော ဝိညာဉ်တော်မှ ခရစ်တော်အကြောင်း မဖော်ပြလျှင် ကျွန်ုပ်တို့သည်ခရစ်တော်ကိုမည်သည့် အခါ၌မျှ နား လည်နိုင်မည်မဟုတ်။ သူ၏ ဘုန်းတော်ကိုလည်း မြင် တွေ့ကြရမည်မဟုတ်ပေ။ထို့အပြင်တရားဒေသနာ နှင့်ဟောပြောချက်များမည်မျှပင် နားထောင် စေကာမူ ခရစ်တော်၏ အကြောင်းအရာများကို ကျွန်ုပ်တို့ မြင် တွေ့နိုင်မည်မဟုတ်သကဲ့သို့နှုတ်ကပတ်တော်လေ့လာ ရုံမျှဖြင့်လည်းမြင်နိုင်မည်မဟုတ်ပေ။ သန့်ရှင်းသော ဝိညာဉ်တော်ဖော်ပြခြင်း အားဖြင့်သာလျှင်ဖြစ်နိုင်၏။ ထိုသို့လုပ်ဆောင်ရန်လည်းအလိုတော်ရှိ၏။လုပ်လည်း လုပ်ဆောင်နိုင်၏။ လုပ်ဆောင်ဘို့ရန်အတွက် လည်း စောင့်လျက်နေ၏။ ယေရှု ခရစ်တော်အား လူသားတို့ ထံထုတ်ဖော်ခြင်း သည်သန့်ရှင်းသော ဝိညာဉ်တော်၏ အကြီးမားဆုံး သောဆန္ဒဖြစ်ပါသည်။

ပင်တေကုတ္တေပွဲနေ့တွင် ပေတရုနှင့် အခြား အပေါင်းအဖော်တို့သည် သန့်ရှင်းသော ဝိညာဉ်တော် နှင့်ပြည့်သည့်အခါ သန့်ရှင်းသောဝိညာဉ်တော်၏ အကြောင်းအား များများစားစားပြောကြသည် မ ဟုတ်။ ယေရှုခရစ်တော် အကြောင်းကိုသာ ပြောဆို ခဲ့ကြ၏။ ထိုနေ့၌ပေတရု၏ တရားဒေသနာကို လေ့လာမည်ဆိုလျှင်ယေရှုခရစ်တော်သည်သူ၏တစ်ခု တည်းသော အကြောင်းအရာဖြစ်၏။ ကျွန်ုပ် တို့သည်လည်း ဝိညာဉ်တော်အားဖြင့် သွန်သင်ခြင်း ခံရပါက ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ တစ်ခု တည်းသောအကြောင်းအရာဖြစ်ကာ ကျွန်ုပ်တို့၏ ရူပါရုံတစ်ခုလုံးကိုလည်း သူသိမ်းပိုက်မည်ဖြစ်၏။ ကျွန်ုပ်တို့သည်လည်းအသစ်သောခရစ်တော်၊ဘုန်းကြီး သောခရစ်တော်ကိုရရှိကြလိမ့်မည်။ခရစ်တော်သည် ကျွန်ုပ်တို့၌ အလွန်ဘုန်းထင်ရှား မည်ဖြစ်ကာ ကျွန်ုပ် တို့သည်လည်း ကျွန်ုပ်တို့တွေ့ ရှိထားသည့် ကြီးမြတ် သောဘုရားအကြောင်းကို လူတိုင်းထံသို့ပြောပြလို ကြပေလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှုခရစ်တော်၏အကြောင်းအရာများယူဆောင်ကာ ကျွန်ုပ်တို့ထံဖော်ပြခြင်းဖြင့်သူ၏ဘုန်းထင်ရှားစေ သည့်အခါယေရှုခရစ်တော်သည်အလွန်ကွဲပြားပေ၏။

ဝိညာဉ်တော်သည် နက်နဲသော အရာများကို ဖော်ပြ၏

ကျမ်းစာလာသည်နှင့်အညီ၊ ဘုရား သခင်ကို ချစ်သောသူတို့အတို့အလိုငှါ၊ ဘုရား သခင် ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊စိတ်နှလုံးဖြင့်မကြံစည်သေး။ထိုအရာ တို့ကို ဘုရား သခင်သည် မိမိဝိညာဉ်တော် အားဖြင့်

ငါတို့အားဘော်ပြတော်မူ၏။ ဝိညာဉ်တော်သည် ဘုရားသခင်၏ နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကိုစစ်တော်မူ၏။ လူ၏ နက်နဲသော အရာကိုလူ၌ရှိသောမိမိစိတ်ဝိညာဉ်မှတပါး အဘယ်သူသိသနည်း။ ထိုနည်းတူ ဘုရားသခင်၏ နက်နဲသော အရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှ တပါး အဘယ်သူမျှမသိ။ ငါတို့သည်လောကီ ဝိညာဉ်ကိုမခံရကြ။ဘုရားသခင်ပေးတော်မူသောအရာတို့ကို သိခြင်းအလိုငှါ ဘုရားသခင်ထံမှကြွလာ သော ဝိညာဉ်ကိုခံရကြပြီ။ ဘုရားသခင် ပေးတော်မူသော အရာတို့ကို ငါတို့သည်လူပညာကိုအမှီပြု၍ နားလည်သောစကားနှင့်မဟော။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဝိညာဉ်နှင့်စပ်ဆိုင်သောအရာကိုဝိညာဉ် စကားအားဖြင့်ဖွင့်ပြ၍ပဲ့ပြင်တော်မူသောစကားနှင့်ငါတို့သည်ဟောကြ၏(၁ကော ၂:၉-၁၃)။

ဝိညာဉ်တော်သည်ယုံကြည်သူ တစ်ဦးချင်းစီအား လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ လူတို့၏ စိတ်နှလုံး ထဲသို့မဝင်သေးသောအရာများ၊ ဘုရားသခင်၏ နက်နဲသောအရာများကို ဘုရား သခင်ကို ချစ်သောသူတို့အတွက် ဖော်ပြပေး၏။ဤ အရာသည် ကောင်းကင်ဘုံကို သာရည်ညွှန်းသည်မဟုတ်။ နောင်တွင်ဖြစ်လာမည့်အရာများကို ရည်ညွှန်းခြင်းဖြစ်ကြောင်းထင်ရှားပေ၏။ သန့်ရှင်းသောဝိညာဉ် တော်သည်ယခုလက်ရှိအသက်တာ၌ပင်ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြင်ဆင်ပေးထားသည့်နက်နဲသောအရာများကိုယူဆောင်ကာ ကျွန်ုပ်တို့ကိုဖော်ပြပေးပါသည်။

ဝိညာဉ်တော်သည် နှုတ်ကပတ်တော်၏ အနက်မိပွာယ်ကိုဖော်ပြ၏

နောက်အခန်းငယ်၌ ဇာတိပကတိ လူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကိုမခံမယူ။ ထို အရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟု ထင်တတ်၏။ထိုအရာတို့ကိုဝိညာဉ်အားဖြင့်သာပိုင်း ခြား၍ နားလည်နိုင်သောကြောင့်၊ ဇာတိပကတိ လူသည် နားမလည်နိုင်ဟုကျွန်ုပ်တို့ဖတ်ရ၏(၁ ကော. ၂:၁၄)။

သန့်ရှင်းသောဝိညာဉ်တော်သည် ဗျာဒိတ်ကျမ်းရေးသားသူသာမက ဘုရားသခင်၏ နှုတ်ကပါတ် တော်ဖြစ်၏။ ဘုရားသခင်ဖော်ပြခဲ့သော ကျမ်းအနက်အဓိပ္ပာယ်ဖော်ပြသူလည်းဖြစ်၏။ လေးနက်သောမည်သည့် စာအုပ်မဆိုစာအုပ်ရေးသားသူသည်ကျွန်ုပ်တို့နှင့်အတူရှိနေသည့်အခါယင်းစာအုပ်ကိုအဓိပ္ပါယ်ပြန်ဆိုရန်ပို၍စိတ်ဝင်စားဘွယ်ကောင်းပြီး အထောက်အကူဖြစ်စေ၏။ထို့အတူသမ္မာ ကျမ်းစာလေ့လာသည့်အခါကျွန်ုပ်တို့ထံ၌သမ္မာကျမ်းစာရေးေသူရှိနေခြင်းသည်ကျွန်ုပ်တို့ အတွက် အခွင့်ထူးပင်ဖြစ်၏။ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာရေး သားသူဖြစ်ပြီး သူသည် ယုံကြည်သူတိုင်းအတွက်သမ္မာကျမ်းစာဖတ်သည့်အခါတိုင်းတွင်အနက်ဖွင့်ဆိုပေးရန် အသင့်ရှိနေ၏။

ကျွန်ုပ်တို့သည်သမ္မာကျမ်းစာကိုနားလည်ရန် သူ့ကိုမျှော်ကြည့်ရပါမည်။သို့ပြုလျှင် အမှောင်မိုက်ဆုံးနေရာများသည် ရှင်းလင်း၍ လာလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တရားတော်၌ အံ့ဘွယ်သောအရာတို့ကိုမြင်နိုင်ပါမည်အကြောင်း၊
အကျွန်ုပ်၏မျက်စိတို့ကို ဖွင့်တော်မူပါ (ဆာလံ ၁၁၉:၁၈)ဟူ၍ ရှေးဆာလံ ဆရာကဲ့သို့ ဆုတောင်းရန်လိုအပ်၏။ ကျွန်ုပ်တို့သည်လေ့လာရန်ရေးထားသော နှုတ်ကပါတ်တော်ရှိရုံမျှဖြင့်ဘုရား သခင်၏ ဗျာဒိတ်တော်ကို လေ့လာရန် မလုံလောက်ပါ။ ထိုသို့လေ့လာနေစဉ်တွင်ငင်းကိုဖမ်းဆုပ်နိုင်စေရန် သန့်ရှင်းသောဝိညာဉ်တော်၏ မီးမောင်း ထိုးပေးခြင်းအားကျွန်ုပ်တို့ရရှိရပါမည်။သဘာဝအတိုင်းနားလည်မှုြဖင့်ဝိညာဉ်ရေးရာဗျာဒိတ်တော်ကိုသဘောပေါက်နားလည်ရန်ကြိုးစားခြင်းသည်အဖြစ်များသော အမှားတစ်ခုဖြစ်သော်လည်းယင်းသည် သိသာထင်ရှားဆုံးသော အမှားတစ်ခုဖြစ်၏။

ရှေးယုဒလူတို့သည် ဝိညာဉ်တော်အားဖြင့် ဗျာဒိတ်တော်ရရှိကြသော်လည်း ယင်းအနက်အဓိပ္ပာယ်ကို ဖော်ပြတို့ ဝိညာဉ်တော်ကို အားကိုးရန် ပျက်ကွက်ကြသောကြောင့်ငင်းတို့လမ်းလွဲသွား ကြလေ၏။ ယနေ့ ခရစ်ယာန်များသည်လည်းဝိညာဉ်တော်အားဖြင့်ဗျာဒိတ်ခံယူကြသော်လည်းများစွာသောသူတို့သည် ယင်းဗျာဒိတ်တို့ကိုအဓိပ္ပါယ်ဖွင့်ဆိုရန် သန့်ရှင်းသော ဝိညာဉ်တော်ကို အားကိုးဘို့ ပျက်ကွက်

ကြကာလမ်းလွဲသွားကြ၏။ ဧဝံဂေလိ အသင်းတော်တစ်ခုလုံးသည်လူသားတို့၏ မိမိ ဖြောင့်မတ်ခြင်း မလုံလောက်မှုကို သိအိုရီအရ အသိ အမှတ်ပြုကြသည်။ ပစ္စုပ္ပန်ကာလ၌သင်ကြား ရမည့်အရာ၊ ခံစားသိရှိရန် လိုအပ်သောအရာမှာ လူသား၏ ဉာဏ်ပညာဖြင့် လုံလောက်မှုမရှိပေ။ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနားလည်ရန်ကျွန်ုပ်တို့သည် မိမိ တို့၏ ကိုယ်ပိုင်ဉာဏ်ပညာကိုလုံးလုံးလျားလျားစွန့်ပယ်ပြီး ကျွန်ုပ်တို့အတွက်ယင်း၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုရန် ဘုရားသခင်၏ ဝိညာဉ်တော်အပေါ်အကြွင်းမဲ့မှီခို အားထားရမည်ဖြစ်သည်။ သခင်ယေရှု ကိုယ်တော်တိုင်၏ နှုတ်ကပတ်တော်များကို ကျွန်ုပ်တို့အလေးအနက်ထားသင့်သည်ကောင်းကင်နှင့်မြေကြီးကိုအစိုးရ တော်မူသော အဘ၊ ကိုယ်တော်သည် ပညာအလိမ္မာနှင့်ပြည့်စုံသောသူတို့အား ဤ အရာများကိုထိမ်ဝှက်ကွယ်ထားလျက်သူငယ်တို့အားဘော်ပြတော်မူသည်ဖြစ်၍၊ ကျေးဇူးတော်ကိုအကျွန်ုပ် ချီးမွမ်းပါ၏(မဿဲ ၁၁း၂၅)။

နှုတ်ကပတ်တော်ကိုနားလည်ရန် နေ့စဉ်နှင့်အမျှ ဝိညာဉ်တော်၏သွန်သင်ခြင်းကို ကျွန်ုပ်တို့ ခံရမည်ဖြစ်သည်။ကျွန်ုပ်တို့သည်မနေ့၌ဝိညာဉ်တော်သွန်သင်ပေးခဲ့သည့်အချက်အပေါ် ယနေ့တွင် မှီခိုခြင်း မရပေ။ နှုတ်ကပတ်တော်နှင့် ထိတွေ့မှုအသစ်တိုင်း၌ သီးခြားအချိန်အခါအတွက် ဝိညာဉ်တော်၏တန်ခိုး၌ ရှိရမည်ဖြစ်သည်။ တစ်ချိန်က သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်ကို အလင်းပေးခဲ့သည့် အမှန်တရားတစ်ခုကို ဆုပ်ကိုင်နိုင်ရန်မလုံလောက်ပါ။ ကျွန်ုပ်တို့သည်အချိန်တိုင်း လုပ်ဆောင်ရပါမည်။

ဝိညာဉ်တော်သည် ခွန်အားပေး၏

ရှင်ပေါလုမှညီအစ်ကိုတို့၊ အစ်ကိုတို့၊ ငါသည် သင်တို့ရှိရာသို့ ရောက်လာသောအခါ၊ ဘုရားသခင်၏ သက်သေချက်ကို ထူးမြတ်သောစကားနှင့် ထူးမြတ်သောပညာအားဖြင့် သင်တို့အားပြသ၍ ရောက်လာသည် မဟုတ်။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသောလက်ဝါးကပ်တိုင်မှာအသေခံတော်မူသော သခင်မှတပါး၊ အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏။ သင်တို့နှင့်အတူ ငါရှိနေသောအခါ၊ အားနည်းခြင်း၊ အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်တကွငါရှိနေ၏။ သင်တို့၏ ယုံကြည်ခြင်းသည် လူပညာအားဖြင့်မတည်၊ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် တည်စေခြင်းငှာ၊ ငါ့စကား၊ ငါ့ဒေသနာသည် လူပညာနှင့်ယှဉ်သောဖြားယောင်းသော စကားနှင့်တကွ ရှိသည်မဟုတ်။ ဝိညာဉ်တော်၏ နိမိတ်လက္ခဏာ တန်ခိုးတော်နှင့်တကွရှိ၏ (၁ ကော ၂း ၁-၅) ဟုဆို ထား၏။

သက်သာလောနိတ်မြို့ရှိ ယုံကြည်သူများထံ စာရေးသောအခါတွင်လည်း ထို့အတူပင်ဖြစ်၏ ငါတို့ ဟောပြောသောဧဝံဂေလိတရားသည်၊သင်တို့၌ စကား သက်သက်ဖြစ်သည်မဟုတ်။ တန်ခိုးနှင့်ငင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ငင်း၊ ဝိစိကိစ္ဆာမရှိဘဲ အမှန်သိခြင်းနှင့်ငင်းပြည့်စုံသောတရားဖြစ်၏၊ (၁သက် ၁:၅)။

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အား ရွေးချယ်ထားသော တမန်တော်များနှင့် ပရောဖက်များထံ သမ္မာတရားကို ဦးစွာဖော်ပြရန် သာမဟုတ်ပါ။ ကျွန်ုပ်တို့ကိုဖော်ပြထားသည့် သမ္မာတရားအား လူတစ်ဦး ချင်းစီ၌ အဓိပ္ပာယ်ဖွင့် ဆိုရန်လည်းလိုအပ်၏။ ထို့နောက် ကျွန်ုပ်တို့အား သူကိုယ်တိုင်အဓိပ္ပာယ် ဖွင့်ဆိုထားသည့် သမ္မာတရားကို အခြားသူများထံ ထိရောက်စွာဆက်သွယ်ပြောဆိုနိုင်စေဘို့ အကူညီပေးရန်လိုအပ်ပေသည်။ အချိန်တိုင်း၌ သူကို ကျွန်ုပ်တို့လိုအပ်၏။

သာသနာပြုရာ၌ စစ်မှန်သောကျွမ်းခြင်း၏ အဓိကအကြောင်းရင်းတစ်ခုသည် ပုံမှန်သာသနာ အမှုတွင်သာမကအမှုတော်ဆောင်ခြင်း၌ဌင်း အောင်မြင်သည်ဟုထင်ရသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်သွန်သင် ပေးသည့်အရာအား လူဉာဏ်ပညာ၏ စွဲမက်စေသောစကားအားဖြင့်သွန်သင်ဆုံးမရန်ကြိုးပမ်းခြင်းကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်(ဆိုလိုသည်မှာ၊ လူယုတ္တိဗေဒ၊စကားအပြောအဆို၊ ဖြားယောင်းသွေးဆောင်မှုနှင့် အာဝဇ္ဇန်းပညာ)။ လိုအပ်သည့်အရာမှာ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးနှင့် ဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် ရှင်းလင်းထင်ရှားစေခြင်းဖြစ်၏။

ယနေ့ တရားဒေသနာဟောပြောခြင်းတွင် ကျရှုံးရခြင်း၏ အကြောင်းရင်းသုံးခုရှိ၏။ ပထမ၊ နှုတ်ကပတ်တော်တွင် သန့်ရှင်းသောဝိညာဉ်တော် ထုတ်ဖော်ပြသသောသတင်းစကားထက်အခြားသော သတင်းစကားအချို့ကို သင်ကြားပေးခြင်း ဖြစ်သည်(သိပ္ပံပညာ၊အနုပညာ၊စာပေ၊ဒဿနိကဗေဒ၊ လူမှု ဗေဒ၊ သမိုင်း၊စီးပွားရေး၊အတွေ့အကြုံစသည်ဖြင့် ဟောပြောကြခြင်း။ ယင်းတို့သည်သန့်ရှင်းသော ဝိညာဉ်တော်၏ သမ္မာကျမ်းစာတွင်တွေ့ရသည့်ရိုးရှင်းသည့်ဘုရား သခင်၏ နှုတ်ကပတ်တော်မဟုတ်ပေ။ ဒုတိယ၊ သမ္မာကျမ်းစာ မှသွန်သင်ပေးသော ဝိညာဉ် တော်၏ သတင်တရားကိုလေ့လာပြီးဝိညာဉ်တော် ၏ ရှင်းလင်းပေး စေခြင်း မပါဘဲသဘာဝနားလည်မှုဖြင့် လေ့လာသင်ယူတွေးတောခြင်းဖြစ်၏။ တတိယ၊ ဝိညာဉ်တော် ပေးသောသတင်းစကား၊နှုတ်ကပတ်တော်၊သမ္မာကျမ်းစာကိုလေ့လာပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ ရှင်းလင်းပေးခြင်းအောက်၌ ဝိညာဉ်တော်နှင့် တန်ခိုးတော်ဖော်ပြခြင်းမဟုတ်ဘဲ လူ၏ ဉာဏ် ပညာ၊ စွမ်းဖွယ်စကားလုံးများဖြင့်အခြားသူများကိုပေးအပ်ခြင်း တို့ဖြစ်ပါသည်။ ခပ်သိမ်းသော အချိန်တိုင်းတွင် ကျွန်ုပ်တို့ သည် ဝိညာဉ်တော်ကို လုံးဝလိုအပ်ပြီး မှီခိုနေပါသည်။ သူသည် ကျွန်ုပ်တို့ အား မည်သို့ပြောရမည်ကိုသွန်သင်ပေးကာ သူသည် ထိုသတင်း စကား၏ တန်ခိုးလည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ အလွန်လိုအပ်သော သန့်ရှင်းသော ဝိညာဉ်တော်

(Our Great Need Of The Holy Spirit)

Wesley L. Duewel

ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့ (ဧဖက် ၅း၁၈)။

သင်သည် သန့်ရှင်းသော ဝိညာဉ်တော် အပေါ်မည်မျှမှီခိုနေရသည်ကို မေ့ပျောက် လျှင် သင်၌ အန္တရာယ်ရှိ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲ၌ဖြစ်စေ၊သင့်အားဖြင့်ရှိစေလိုသော မြင့်မြတ်သော၊ အလုံးစုံ ပြီးပြည့်စုံသော၊ တန်ခိုးကြီးသော သာသနာ အမှုတစ်ခုကို မေ့ပစ်ရန်အလွန်လွယ် ကူပါသည်။ ဝိညာဉ်တော် အားဖြင့် သင်၌ပေးထားသည့် ဘုရားသခင်၏ကျေးဇူးတော်မပါရှိဘဲသင်သည် ဘုရား သခင်အတွက်အသက်ရှင်နိုင် မည်မဟုတ်။ အမှုတော် ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

သင်သည် ဝိညာဉ်ရေးအရ ယုံကြည်သူ ခရစ်ယာန်တစ်ဦးဖြစ်သော်လည်းဘုရားသခင့်ကျေးဇူး တော်၏ အတိတ်အတွေ့အကြုံများကို စတင်မှီခိုရ တော့မည့်အန္တရာယ်ရှိပါသည်။ ခရစ် ယာန်ညီအစ်ကို များသို့မဟုတ် ခရစ်ယာန်အဖွဲ့ အစည်းများ၏ အကူ အညီ၊ သို့မဟုတ် တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင် နည်းလမ်းများဖြင့် ကြိုးစားအားထုတ်မှုများကဲ့သို့ သောမရှိမဖြစ်လို အပ်သောလူစွမ်းအား အရင်းအမြစ် များအပေါ်တွင်သာမှီခိုရန်အမြဲမပြတ် သွေးဆောင်မှု ရှိနေနိုင်သည်။ ခရစ်ယာန်တစ်ဦး၏ ကိုယ်ပိုင်အတွေ့ အကြုံ သို့မဟုတ် ရင့်ကျက်မှုကို ယုံကြည် ကိုးစားခြင်း သည်ပင်အန္တရာယ်ရှိ၏။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်လိုအပ်ကြောင်းကို ထပ်ခါထပ်ခါ သတိပေးရန် လိုအပ်ပါသည်။

တည်မြဲသော သာသနာ

သန့်ရှင်းသောဝါဝါဝိုဝ်ဝိုဝ်ဝိုဝ်

အချို့သောသူတို့သည် ခရစ်ယာန် ယုံကြည်ခြင်းကိုငြင်းဆန်သည့်တိုင် သင့်အားဖြင့် ထိုခရစ်ယာန်ယုံကြည်ခြင်းကိုစိတ်ဝင်စားပေလိမ့်မည်။ အခြားသောသူများသည် သင်၏သန့်ရှင်းသော၊ ပျော်ရွှင်သော၊ ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာအားဖြင့် သူတို့၌အပြစ်ရှိကြောင်းခံစားရသောသည့်အတွက် ဒေါသဖြစ်ကြပေလိမ့်မည်။ သို့သော်လည်း သူတို့သည် ၎င်းအားဖြင့်သင့်ကိုထိခိုက်စေနိုင်မည်မဟုတ်ပါ။ ဝမ်းနည်းဘွယ်ကောင်းသည်မှာ ခရစ်ယာန်များစွာတို့သည် ယင်းကြောင့် ထိရောက်စွာသက်သေခံခြင်းမပြုကြသောကြောင့်ဖြစ်၏။ သူတို့၌ ဝိညာဉ်တော်အပြည့်အဝ အမှုဆောင် ခြင်းမရှိသည်မှာ ထင်ရှားပေသည်။ အသင်းတော်နှင့် ဤလောကသည် သင်နှင့်ကျွန်ုပ်အား ဘုရားသခင် အသွင်ပြောင်းသောဝိညာဉ်တော်ဖြင့်အမှန်တကယ်ပြည့်ဝစေရန်စောင့်မျှော်နေကြပါသည်။

ဆုတောင်းခြင်းဖြင့် ကူညီခြင်း

ကျွန်ုပ်တို့ထံမှ ဘုရားသခင်မျှော်လင့်သည့် ဆုတောင်းခြင်းအမှုသည် ဝိညာဉ်တော်၏အမှုပြုခြင်းမပါလျှင်မဖြစ်နိုင်ပေ။အခြားသူများအတွက် မည်ကဲ့သို့ သင်ဆုတောင်းခဲ့သည်၊မည်မျှဆုတောင်းခဲ့သည် ဆိုသည့်အကြောင်းအား တရားစီရင်ရာနေ့တွင် တောင်းဆိုခံရမည်ကို နားလည်ခဲ့ပါသလား။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အုပ်စိုးမှုအောက်၌ရှိ မှသာလျှင် ဘုရားသခင်အလိုတော်ရှိသည့်အတိုင်း ဤဆုတောင်းချက်၏ အမှုတော်ကိုဖြည့်ဆည်း ပေးနိုင်ပါမည်။

မည်သူ့အတွက်ဆုတောင်းရမည်ကို သိနိုင်ဖို့ရန်အတွက် ဝိညာဉ်တော်၏ လမ်းညွှန်ပေးခြင်းကျွန်ုပ်တို့လိုအပ်ပါသည်။လူတိုင်းအတွက်အချိန်တိုင်း သင်ဆုတောင်း၍မရနိုင်ပါ။ နေ့ရက်တိုင်းတွင် သင်၏ဆုတောင်းချက်ရွေး ချယ်ရမည်ဖြစ်သည်။ အကြောင်းမှာဘုရားသခင်၏ဝိညာဉ်တော်သည်သင်၏ဆုတောင်းချက်အလိုအပ်ဆုံးသူသည်မည်သူဖြစ်ကြောင်းသိရှိသောကြောင့်ဖြစ်၏။ ဆုတောင်း ချက်စာရင်းများသင်အသုံးပြုသည့်အခါ၌ပင် အထူး ဆုတောင်းပေးရန်လိုအပ်သောသူအတွက် ဝိညာဉ်တော်သည် သင့်ကိုသတိပြုစေပါမည်။သင်ဆုတောင်းသည့် အချိန်တွင်သင့်ကိုလမ်းပြရန်ဝိညာဉ်တော်လိုအပ်၏။ သင်သည်အခြား လုပ်ငန်းဆောင်တာများနှင့်အလုပ်ရှုပ်ပေလိမ့်မည်။သို့သော်ဝိညာဉ်တော်နှင့် သင် ပြည့်ဝပြီး သူ၏ဦးဆောင်မှုအားဆင်ခြင်၊ သိတတ်လျှင် သင်၏ ဆုတောင်းခြင်းအားလိုအပ်သည့်အချိန်အတိအကျတွင် သူလမ်း ညွှန်ပေးနိုင်၏။

သင်၌ချစ်ခြင်းမေတ္တာနှင့်စိတ်အားထက်သန်မှုတို့နက်ရှိုင်းစေရန်သန့်ရှင်းသော ဝိညာဉ် တော်လိုအပ်၏။ သို့မှသာသင်သည်အမှန် တကယ် စိုးရိမ်ပူပန်မှုဖြင့်ဆုတောင်းနိုင်မည်ဖြစ်သည်။ တစ်ခါတစ်ရံထိုဆုတောင်းခြင်းတွင် သမ္မာကျမ်းစာမှကြိုးစား၍ဆုတောင်းခြင်း သို့မဟုတ် ဆုတောင်းခြင်း စစ်ဆင်နွှဲခြင်းဟုခေါ်သောဆုတောင်းခြင်းလုပ်ဆောင်နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်လိုအပ်ပါသည်။ ဘုရားသခင် အောင်ပွဲပေးသည့်တိုင်အောင် ဘုရားသခင်၏ကတိတော်ကိုစွဲကိုင်ကာအောင်နိုင်စေမည့်ဆုတောင်းခြင်းမျိုးဖြင့် သင့်အတွင်း၌ စစ်မှန်သော ယုံကြည်ခြင်းမွေးဖွားရန်သန့်ရှင်းသောဝိညာဉ်တော်လိုအပ်ပါသည်။

အခြားသော လိုအပ်ချက်များအားလုံးအထက်၌

သင်ပြောဆို၊ လုပ်ဆောင်ရာ၌၎င်း၊ဆုတောင်းရာ၌၎င်း သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြခြင်း မလိုအပ်သည့်နေ့တစ်နေ့မှမရှိပေ။ပြောင်းလဲပေးသောကျေးဇူးတော်၊တောက်ပသည့်အလှတရားနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ကြီးမားသောတန်ခိုးတော်မလိုအပ်ဘဲ ကုန်ဆုံးသွားသည့်နေ့တစ်နေ့ဟူ၍မရှိပေ။ အခြား၊ အခြားသောလိုအပ်ချက်များ၏အထက်၌ပင် သူ့အား သင်နှင့်ကျွန်ုပ်ပို၍လိုအပ်ပါသည်။

ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၊ ကျွန်ုပ်တို့၏ အမှုတော်မြတ်၌ သူ့ကိုလိုအပ်၏။ ကျွန်ုပ်တို့၏ မိသားစု၊ အသင်းတော်များနှင့်အဖွဲ့အစည်းများအား လုံး၌လည်းလိုအပ်၏။ သူသည်အခြားသောအရာအားလုံးထက်ကျွန်ုပ်တို့လိုအပ်သောအရှင်ဖြစ်ပါသည်။

တောင်းပါ။ တောင်းလျှင်သင့်ကိုပေးလိမ့်မည် (လုကာ ၁၁း၁၃)။ သူ့ကိုကြိုဆိုပါ။ ထိုသို့ပြုလျှင်သင်၏ အထဲ၌လွတ်လပ်စွာ အပြည့်အဝသူအလုပ်လုပ်လိမ့်မည်။သူ့ထံတွင်မိမိကိုယ်ကိုစွန့်လွှတ်ပါ။သင့်ဘဝတစ်ခုလုံးအတွက်သူတာဝန်ယူလိမ့်မည်။ နာခံပါ။သို့ပြုလျှင်သင့်ကို ဘိသိက်ပေးကာအသုံးပြု

မည့်အကြောင်းသားတော်၌ ဘုရား သခင်ကတိပြုတော်မူပြီ။ သင်အထဲ၌ဝင်ခွင့်ပြုပါ။ သင်၏အထဲ၌ သူနှင့်ပြည့်ဝစေပါ။ သူသည် သင်၏ အရာခပ်သိမ်းဖြစ်စေပါ။ သူသည် ဝိညာဉ်တော်ဘုရားဖြစ်တော်မူ၏။ သင်၏လိုအပ်ချက်အားလုံးဖြည့်ဆည်းပေးချင်သူဖြစ်၏။ သူသည်သင်အလိုအပ်ဆုံးသောသူဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၊လာ၍ကျွန်ုပ်အထဲ၌ပြည့်စေပါ။

ကျွန်ုပ်တို့၏ ခေါ်ခြင်းနှင့် ကိုက်ညီအောင် အသက်ရှင်ခြင်း

(Walk Worthy Of Our Calling)

Rich Carmicheal

ဤ Herald of His Coming စာစောင်သည် ဧဖက်ကျမ်းမှ အကြောင်းအရာများကို အဓိကထားပါသည်။ ထိုအကြောင်းအရာများ၏ အဓိကအချက်မှာ ကျွန်ုပ်တို့သခင်ယေရှုခရစ်၏ ပုဂ္ဂိုလ်ဖြစ်ခြင်း ဘုန်းအသရေနှင့် အမှုတော်မြတ်ပင်ဖြစ်၏။ တမန်တော်ရှင်ပေါလုပြောပြသောကြီးမြတ်သည့်အမှန်တရားများမှ တစ်ခုသည် ထိုတန်ခိုးတော်ကား၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူ၍ ခရစ်တော်၌ပြုပြင်သောမဟာတန်ခိုးအာနုဘော်အရှိန်ကဲ့သို့ဖြစ်၏။ ခပ်သိမ်းသောအထွဋ်အမြတ်၊ အာဏာစက်၊တန်ခိုး၊ အစိုးရခြင်းမှစ၍ ယခုဘဝ နောင်ဘဝ၌ခေါ်ဝေါ်သမုတ်သောဘွဲ့နာမအလုံးစုံတို့အထက်၊ ကောင်းကင်အရပ်၌မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သောနေရာကိုခရစ်တော်အားပေးတော်မူ၍၊ခြေဘဝါးတော်အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့်၊ အသင်းတော်ဘို့အလိုငှါ၊သူ့ကိုအလုံးစုံတို့၏အချုပ်အခြာဦးခေါင်း ဖြစ်စေတော်မူ၏ (ဧဖက် ၁း၂၀-၂၂) ဟူ၍ ဖြစ်၏။

သို့တိုင်၊ ဘုရားသခင်သည် “ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကိုပေါင်း၍ ခရစ်တော်၌ ချုပ်ခြာစေတော်မူမည့်အချိန်ကာလ ပြည့်စုံသော နေ့ရက် နီးကပ်လာသည်နှင့်အမျှ ပို၍ကြီးမားသော အရာတစ်ခုကို စောင့်မျှော်နေပါသည်။ H.A Ironside မှ ထို နေ့အားသခင်ယေရှုခရစ်၏အခွင့်အာဏာကို ကောင်းကင်ဘုံ၌သာမကမြေကြီးပေါ်ရှိအားလုံးကအသိအမှတ်ပြုခံရသည့်အခါခရစ်ယာန်မဆန်သောအရာအားလုံးကို နှိမ့်ချမည့်အချိန်သည်မည်မျှအံ့သြဖွယ် ကောင်းသည့်အချိန်ဖြစ် လိမ့်မည်နည်းဟုမှတ်ချက်ရေး သားခဲ့ပါသည်။

ယခုတွင်ကျွန်ုပ်တို့သည်ခရစ်တော်ကိုသိကျွမ်းပြီး ကိုယ်တော်နှင့်စပ်ဆိုင်ကာ ခရစ်တော်၏ထာဝရဘုန်းအသရေတော်၏ တစ်စိတ်တစ်ပိုင်းဖြစ်မည့်အဖွဲ့၌ ကျွန်ုပ်တို့ပါဝင်မည်မှာအလွန်ကောင်းပေ၏။ ဘုရားသခင်သည် ဒုစရိုက်အပြစ်၌သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ။ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ရောက်ရ၏။ ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။ အကြောင်းမူကား၊ ထိုသခင်အားဖြင့်ငါတို့၌ကျေးဇူးပြု၍၊ ကျေးဇူး တော်၏အလွန်ကြွယ်ဝခြင်းကိုနောင်ကပ်ကာလတို့၌ထင်ရှားစေမည်အကြောင်းဖြစ်သတည်း(ဧဖက်2:5-7)။အဘယ်ကြောင့် နည်းဟူမူကား၊ ငါတို့ သခင် ယေရှုခရစ်ကို အကြောင်းပြု၍ ထာဝရအကြံတော် ရှိသည်နှင့်အညီ၊ ကောင်းကင်အရပ်တို့၌ အထွဋ်အမြတ်အာဏာ စက်တို့သည်၊ ဘုရားသခင်၏ ထူးဆန်းသော ပညတ်တော်ကို အသင်းတော်အားဖြင့် ယခုသိကြရမည်အကြောင်းတည်း (ဧဖက် 3:10-11)။

ဤ ခေါ်ဆိုမှုသည် အလွန်ကြီးမြတ်ပြီး ဘုရားသခင်၏ထာဝရရည်ရွယ်ချက်အတိုင်း အချိန်မစတင်မီကတည်းမှ သူ၏ နှလုံးသားထဲ၌ရှိနေခဲ့၏။ ရှင်ပေါလုရေးသည့်အတိုင်း ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်၌ ရွေးကောက်တော်မူခဲ့၏ ငါတို့သည်ဘုရားသခင့်ရှေ့တော်၌မေတ္တာအားဖြင့်သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက်ဖြစ်မည်အကြောင်း၊ ဤ ကမ္ဘာမတည်မရှိမီ ငါတို့ကိုခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ(၁း၄)။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ၌ယေရှုခရစ်အားဖြင့်သားအရာကိုရမည် အကြောင်းရှေးမဆွကခွဲခန့်မှတ်သားတော်မူသည် (၁း၅)။ အလုံးစုံတို့ကိုစီရင်ပြုပြင်တော်မူတတ်သောသူ၏ ကြံစည်ခြင်းရှိသည်အတိုင်း(၁း၁၁)။ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍ဖန်ဆင်းတော်မူရာဖြစ်ကြ၏(၂း၁၀)။ခရစ်တော်အားဖြင့်ဤမျှလောက်သောအံ့သြဖွယ် ကယ်တင်ခြင်းအားကျွန်ုပ်တို့ထံယူဆောင်လာပေးခြင်းနှင့် ခရစ်တော်အတွက်ယခုဘဝနှင့် အစဉ်အမြဲအသက် ရှင်ခွင့်ရခြင်းအတွက်သခင်ဘုရား၏ကျေးဇူးတော်ကိုချီးမွမ်းကြစို့။

ကျွန်ုပ်တို့အားလုံး ခရစ်တော်ထံ၌ အကြွေးတင်၏

ကျွန်ုပ်တို့သည် ခရစ်တော်ထံ၌ အရာအားလုံးအတွက် အကြွေးတင်ကြပါသည်။ သူသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဖြစ်တော်မူ၏ (၅း၂၃)၊ ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏ အသွေးအားဖြင့်အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်းခံရကြ၏(၁း၇)။ချစ်ခြင်းမေတ္တာ၏အတိုင်းအတာသည် အလွန်ကြီးမား၏ ကိုယ်ညာဏ်နှင့်မသိနိုင် သော (၃:၁၈-၁၉)။ ခရစ်တော်သည် ငါတို့ကို ချစ်တော်မူသောအားဖြင့် ဘုရားသခင့်ရှေ့တော်၌ မွေးကြိုင်သောရနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ် ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြ လော့ (၅:၂၊ ၂၅)။

တစ်ချိန်တွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို မသိ၊ .. မြော်လင့်ခြင်းမရှိ၊ .. ဘုရားမဲ့နေကြ (၂:၁၂) သော်လည်း ယခုတွင်မူ တစ်ချိန်၌ဝေးကွာခဲ့ကြသော ကျွန်ုပ်တို့သည် အသွေးတော်အားဖြင့် အနီးသို့ရောက်ရှိလာကြ၏(၂း၁၃)။ သူသည် ကျွန်ုပ်တို့၏ ရန်ငြိမ်းခြင်းအကြောင်းဖြစ်၏ (၂:၁၄)။ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံ တော်မူခြင်းအားဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့ကို ပြန်လည်သင့်မြတ်စေ၏ (၂:၁၆)။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ [ယုဒလူမျိုး၊ တစ်ပါးအမျိုးသား] သည် ခမည်းတော်ထံသို့ စိတ်ဝိညာဉ်တလုံးတဝ တည်းဖြင့် တိုးဝင်ခွင့်ရကြ၏ (၂:၁၈၊ ၃:၁၂)။ ခရစ်ကြောင့်သာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အိမ်သူအိမ်သား၊ သန့်ရှင်းသူအပေါင်း အသင်းဝင်များဖြစ်ကြပြီး ယေရှုခရစ်ကိုယ်တိုင်အုတ်မြစ်ချသောအုတ်မြစ်ဖြစ်ကြ၏ (၂:၁၉-၂၀)။

ကတိထားတော်မူသည်အတိုင်း သူသည် သူ၏အသင်းတော်ကိုတည်ဆောက်၏ (မဿဲ ၁၆း၁၈)။ ကျွန်ုပ်တို့သည်လည်း ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်တော် မူခြင်းအလိုငှါ၊ အတူတည်ဆောက် လျက်ရှိကြ၏ (ဧဖက် ၂း၂၂)။ ခရစ်တော်သည် ကျွန်ုပ်တို့၏ဦးခေါင်းဖြစ်ပြီး ကိုယ်ခန္ဓာ၏ အင်္ဂါများအဖြစ်ကျွန်ုပ်တို့ကို ကျွေးမွေး ပြုစုစောင့်ရှောက်တော်မူ၏ (၅း၂၃၊ ၂၉)။ ကိုယ်တော်သည် ဘုန်းကြီးသောအသင်း တော်အား ကိုယ်တော်တိုင် ဆက်သနိုင်စေခြင်းငှါ ကျွန်ုပ်တို့အား နှုတ်ကပတ်တော်အားဖြင့်ရေဆေး၍ စင်ကြယ်စေတော်မူ၏(၅း၂၆-၂၇)။ သန့်ရှင်းသူတို့ကို တန်ဆာဆင်ခြင်းနှင့်ကိုယ်ခန္ဓာပြုပြင်ခြင်းအတွက်ခေါင်းဆောင်မှုဆုကျေးဇူးများအပါအဝင် ကျွန်ုပ်တို့သည် ဆုကျေးဇူးတော်အသီးသီးခံရကြ၏ (၄း၇)။ အသက်ရှင် ရန်လမ်းအား ကျွန်ုပ်တို့ကို သွန်သင်ပေးပြီး (၄း၂၁) ယင်းသည် ကျွန်ုပ်တို့အတွက် အမှန်တရားနှင့်အလင်း၏ ရင်းမြစ်ဖြစ်၏ (၄း၂၁၊ ၅း၁၄)။

သူ၏ စည်းစိမ်ဥစ္စာသည်ရှာဖွေ၍မရပါ (၃း၈)။ သူသည် ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏ မွန်မြတ်သောအလုပ်အားလုံး၏ အရင်းအမြစ်နှင့် နည်းလမ်းဖြစ်၏။ ကျွန်ုပ်တို့သည် ရွေးကောက်ခံရသောသူများဖြစ်ကြ၏ (၁း၄)။ ခရစ်တော်အားဖြင့် သားအရာကိုရရှိကြ၏(၁း၅)။သူနှင့်အတူ အသက်ရှင်

စေတော်မူပြီး ကောင်းကင်အရပ်၌ နေရာပေးတော်မူ၏ (၂း၅-၆)။ မွန်မြတ်သောအမှန်တရားမှာ ဘုရားသခင်သည် ကောင်းကင် ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူ၏(၁း၃)။

ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကျိန်းဝပ်တော်မူ၏

ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအသက်တာအတွက် လွန်စွာအရေးကြီးသည့် ခရစ်တော်နှင့်ပတ်သက်သော နောက်ထပ် အမှန်တရားတစ်ခုသည် ကျွန်ုပ်တို့ အတွင်း၌ သူကျိန်းဝပ်တော်မူခြင်းပင်ဖြစ်သည်။ တမန်တော် ရှင်ပေါလုဆုတောင်းချက်၏ အနှစ်သာရကို သုံးသပ်ကြည့်ပါ။ငါတို့ သခင်ယေရှုခရစ်၏ ခမည်းတော် ရှေ့မှာ ငါသည် ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏။ ဆုတောင်းသောအချက်ဟူမူကား၊ ဝိညာဉ်တော်အား ဖြင့်သင်တို့၏ အတွင်းလူကိုခွန်အားနှင့် မြဲမြံခိုင်ခံစေ၍၊ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏ စိတ်နှလုံးအထဲ၌ ကျိန်းဝပ်တော်မူမည် အကြောင်း၊ ဘုန်းတော်ကြွယ်ဝ ပြည်စုံခြင်းနှင့် ညီလျော်စွာ သင်တို့ အားပေးတော်မူ၍၊ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်းရှိသဖြင့်၊(၃း၁၄-၁၇)။ ထို့နောက် ရှင်ပေါလုသည် ဤကဲ့သို့ ဆက်၍ ဆုတောင်းခဲ့၏ မေတ္တာ၌ စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျ တည်ခြင်းရှိသဖြင့်၊ သင်တို့သည် သန့်ရှင်းသူအပေါင်းတို့၏ နည်းတူ၊ အနံအလျား အနက်အမြင့် တို့ကို ပိုင်းခြား၍ သိခြင်းငှါငင်း၊ကိုယ်ဥဏှာနှင့်မသိနိုင် သောခရစ်တော်၏ မေတ္တာတော်ကို သိနားလည် ခြင်း ငှါငင်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့်ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိ သမျှနှင့်အညီ ပြည့်စုံကြ ပါမည်အကြောင်း၊ (၃း၁၇-၁၉)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အတွင်းလူအား ဝိညာဉ်တော်အားဖြင့်ခိုင်ခံစေပြီး ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးအတွင်း၌ ကျိန်းဝပ်ကာ ဘုရားသခင်၏ပြီးပြည့်စုံခြင်းနှင့်ပြည့်ဝမည်ဆိုလျှင် ကျွန်ုပ်တို့ အသက်ရှင်ခြင်းနှင့်အမှုတော်ဆောင်ခြင်းအတွက်ဖြစ်နိုင်ချေများကို ဆင်ခြင်သုံးသပ်ကြည့်ပါ။ ယင်းကဲ့သို့ သောအမှန်တရားအားမည်ကဲ့သို့များကျွန်ုပ်တို့ထင်မြင်ဆုံးဖြတ်နိုင်ပါမည်နည်း။

ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်၏။ တမန်တော်ပေါလုမှအခြားနေရာများတွင် ဤသို့ဆိုထား၏ ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်းအသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ယခုငါရှင်သော အသက်သည် ဘုရားသခင် ၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည်ငါ့ကိုချစ်၍ ငါ့အတို့ကိုယ်ကို ကိုယ်စွန့်တော် မူ၏ (ဂလာတိ ၂း၂၀)။

သူ၏ တန်ခိုးတော်သည် ကျွန်ုပ်တို့၌ အလုပ်လုပ်၏

ကျွန်ုပ်တို့၏ အသက်တာတွင် သခင်ဘုရား၏ မျက်မှောက်တော်နှင့်အတူ သူ၏တန်ခိုးတော်သည် ကျွန်ုပ်တို့အထဲ၌အလုပ်လုပ်၏(ဧဖက်၃:၂၀)။ထိုတန်ခိုးတော်သည် ကျွန်ုပ်တို့နားလည်နိုင်စွမ်း ထက်ကျော်လွန်၍ အလွန်ကြီးမြတ်သောကြောင့် ရှင်ပေါလုသည် ငါတို့သခင် ယေရှုခရစ်၏ ဘုရားသခင် ဖြစ်တော်မူသော ဘုန်းကြီးသော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကိုသိခြင်းအလိုငှါပညာကိုငင်း၊ ထိုးထွင်းသောဉာဏ်ကိုငင်း၊ သင်တို့အားပေးပါမည်အကြောင်း၊ ခေါ်တော်မူသောကြောင့် မြော်လင့်ရသော အရာကား အဘယ် အရာဖြစ်သည်ကိုငင်း၊ သန့်ရှင်းသူတို့သည်ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှ လောက်ကြီးသည်ကိုငင်း၊ ယုံကြည်သောငါတို့၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကားအဘယ်မျှ လောက်ကြီးသည်ကိုငင်း၊ သင်တို့သည် သိစေခြင်းငှါ၊သင်တို့၏ဉာဏ်မျက်စိကိုလင်းစေပါမည် အကြောင်းဟု ဆုတောင်းခဲ့၏(၁း၁၇-၂၀)။ တနည်းဆိုရသော်ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ချီးမြှောက်ခြင်းတွင် ဘုရားသခင်အသုံးပြုခဲ့သော အံ့သြဖွယ်တန်ခိုးသည် ကျွန်ုပ်တို့၌ အလုပ်ဖြစ် နေပြီဖြစ်၏။ ထိုကဲ့သို့သောတန်ခိုးတော်၏စွမ်းဆောင်နိုင်စွမ်းသည် တိုင်းတာ၍မရပေ။ ဘုရားသခင်၏ ဂုဏ်တော်အား ရှင်ပေါလုလွှမ်းစေခဲ့သည်မှာ အံ့သြစရာမဟုတ်ပေါ၊တို့၌ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာ ပြုခြင်းငှါတတ်နိုင်တော်မူသောဘုရားသခင်သည်၊

ယေရှုခရစ်အားဖြင့် အသင်းတော်၌ကမ္ဘာအဆက်ဆက် ဘုန်းကြီး တော်မူစေသတည်း၊ အာမင် (၃း၂၀-၂၁)။

ခရစ်တော်ကို ဂုဏ်ပြုသော အသက်ရှင်ခြင်း၏ အမှတ်အသားများ

အထက်ဖော်ပြပါ အံ့သြဖွယ်အမှန်တရားများ အားလုံးအား စိတ်နှလုံးသားထဲ၌ စွဲမှတ်ကာ ခေါ်တော်မူ ခြင်းနှင့်အညီ ကျင့်ဆောင်ရန် တမန်တော် ရှင်ပေါလုမှ ကျွန်ုပ်တို့ကိုတိုက်တွန်းခဲ့၏ (၄း၁)။ ထို့နောက် သူသည် ခရစ်တော်အားဖြင့် ဘုရားသခင်နှင့်ဆိုင်သော သူများအဖြစ်ကျွန်ုပ်တို့နေထိုင်ရမည့်ဘဝ၊ ဝိညာဉ်တော်နှင့် တန်ခိုးတော်အားဖြင့် ပေးဆောင်သောဘဝ၊ ယခုဘဝတွင် ခရစ်တော်ကိုဘုန်းထင်ရှားစေသော ဘဝ နှင့် ခရစ်တော်၌ ခပ်သိမ်းသောအရာတို့ကို တညီတညွတ်တည်းစုဝေးစေမည့်ဟူသောဘုရားသခင်အလိုတော်ရှိသောနေ့ကို ဖော်ပြ ရန် ဆက်၍ သူတိုက်တွန်းခဲ့၏၊ ခရစ်တော်အား ကြီးမားသောဂုဏ်အသရေနှင့် ချစ်ခြင်းမေတ္တာဖြင့်၊ ကျွန်ုပ်တို့မိမိကိုယ်ကို အပြည့်အဝ ပေးအပ်နိုင်ပါစေ။

ကျွန်ုပ်တို့သည် အရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့ သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့်၊ မေတ္တာ စိတ်နှင့် တယောက်ကို တယောက်သည်းခံခြင်းရှိကြ၍၊ အသင့်အတင့်ပေါင်းဘော်ခြင်းအဖွဲ့အစည်းအားဖြင့်၊သင်တို့သည်အချင်းချင်းစိတ် သဘောမခြား မနားတလုံးတဝ တည်းဖြစ်အံ့သောငှါ ကြိုးစားအားထုတ် ကြလော့။ ဤ ကဲ့သို့အသက်ရှင်ကြရပါမည် (၄း၂-၃)။ ကျွန်ုပ်တို့တစ်ဦးချင်းစီတိုင်း၌ ခရစ်တော်ပေးတော်မူသော ဝိညာဉ် ဆုကျေးဇူးများကို ကျွန်ုပ်တို့အသုံးပြုရမည်ဖြစ်၏...ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့ ရောက်၍၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့ ရောက်၍၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်းပမာဏ အရပ်တည်း ဟူသော ကြီးရင့်သော လူတို့၏အဖြစ်သို့ရောက်ကြသည်တိုင်အောင်ဖြစ်သတည်း(၄း၁၃-၁၆)။ ကျွန်ုပ်တို့သည် ဦးခေါင်းတည်းဟူသောခရစ်တော်မှာ အရာရာတို့၌ ကြီးပွားကြမည်အကြောင်းဟူသောမေတ္တာဖြင့် သမ္မာတရားကိုဟောပြောရပါမည် (၄း၁၅)။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဇာတိဟောင်းနှင့် ယခင်အသက်တာလမ်းစဉ်များကိုပယ်ရှားပြီး ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်အား အသစ်ပြုပြင်ပြောင်းလဲရန် သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့် အတူအမျှ ဖန်ဆင်းသော လူသစ်ကိုယူတင်ဝတ်ဆောင်ကြရမည်ဖြစ်သည် (၄း၂၂-၂၄)။ ကျွန်ုပ်တို့သည် မုသားစကားအပြင် ခပ်သိမ်းသော စိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါခြင်း၊သူ့အသရေဖျက်အောင်ပြောဆိုခြင်း၊ခပ်သိမ်းသော မနာလိုခြင်းစသည်တို့ကိုလည်းကျွန်ုပ်တို့မှ ပယ်ရှားကြရပါမည် (၄း၃၁)။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်သားဖြစ်ကြသည်နှင့်အညီ(၅:၁) ခရစ်တော်ကဲ့သို့ ကျွန်ုပ်တို့သည်ကြင်နာမှု၊ နူးညံ့သိမ်မွေ့မှုနှင့် ခွင့်လွှတ်မှု အပြည့်ရှိရပါမည် -ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏ အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့(၄း၃၂)။ ခရစ်တော်နှင့် သူ၏ ချစ်ခြင်း မေတ္တာတော်အားဖြင့် ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာ၌အမြစ်တွယ်ကြ၏ (၃း၁၇)။ ထို့နောက် ကျွန်ုပ်တို့အား ခရစ်တော်ချစ်တော်မူ သကဲ့သို့ ချစ်ခြင်းမေတ္တာ၌ကျင်လည်ရပါမည် (၅း၂)။ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အသက်တာ၏ ရှင်းလင်းသော လက္ခဏာဖြစ်သင့်ပေ၏ (၁:၁၅၊ ၃:၁၇၊ ၄:၂၊ ၁၅-၁၆၊ ၅:၂၊ ၂၅၊ ၆:၂၄)။

ကာမဂုဏ်အကျင့်ယိုယွင်းမှု၊ ညစ်ညမ်းမှုနှင့် လောဘစသည့်အပြစ်များကိုကျွန်ုပ်တို့ကြားတွင်ပင် ဖော်ပြခြင်း မပြုသင့်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လူမျိုး၊ သန့်ရှင်းသူများဖြစ်သောကြောင့် ကိုယ်တော်နှင့် သူ၏ ရည်ရွယ်ချက်များအတွက် သီးခြားခွဲခြားထားခြင်းဖြစ်၏။ ငါတို့သည်ဘုရားသခင့်ရှေ့တော်၌ မေတ္တာအားဖြင့်သန့်ရှင်းလျက်၊အပြစ်ကင်းလွတ်လျက် ဖြစ်မည်အကြောင်း ကျွန်ုပ်တို့အားကမ္ဘာမတည်မရှိမီကပင် ခရစ်တော်၌ ရွေးကောက်တော်မူ သည်ကို မမေ့နှင့် (၁း၄)။ ဝမ်းနည်းဘွယ်ကောင်း သည်မှာ အသင်းတော်၏ အစိတ်အပိုင်းဖြစ်သည်ဟုဆိုသောသူ

အချို့သည် နှုတ်ကပတ်တော်၌ ဘုရားသခင် ရှင်းရှင်းလင်းဖော်ပြသည့် အကျင့်ပျက်ခြင်း၊ ညစ်ညမ်းခြင်းနှင့် တပ်မက်ခြင်းတို့၌ အသက်ရှင်သည့်အချိန်ကာလတွင် ကျွန်ုပ်တို့နေထိုင်ရခြင်းဖြစ်၏။ သို့သော်မည်သို့ ပင်ထင်မြင်ယူဆစေကာမူ တမန်တော်ရှင်ပေါလုမှ ကျွန်ုပ်တို့အားအပြစ်ကို အခွင့်မပေး ဘို့ရန် ကျွန်ုပ်တို့ကို သတိပေးခဲ့၏မတရားသော မေထုန်၌မှီဝဲသောသူ၊ ညစ်ညူးစွာပြုသောသူ၊ ရုပ်တုကို ကိုင်းကွယ်သောသူဖြစ်သော လောဘလွန်ကျူးသောသူတစုံတယောက်မျှခရစ်တော်နှင့် ဘုရားသခင်၏နိုင်ငံ၌ အမွေမခံရသည်ကို သင်တို့သိကြ၏။ လျှပ်ပေါ်သောစကားဖြင့် အဘယ်သူမျှ သင်တို့ကိုမလှည့်ဖြားစေနှင့်။ ထို အမှုကြောင့် ဘုရားသခင်၏ အမျက်တော်သည်ငြင်းဆန်တတ်သော သူတို့အပေါ်သို့သင့်ရောက်ပေ၏။ ထိုကြောင့်သူတို့နှင့် ဆက်ဆံ၍ မကျင့်ကြနှင့် (၅း၅-၇)။

ကျွန်ုပ်တို့သည် တစ်ချိန်တစ်ခါတွင် မှောင်မိုက်၏ သားများဖြစ်ကြသော်လည်း ယခုအခါ သခင်ဘုရား၌ အလင်းဖြစ်ကြ၏။ ကျွန်ုပ်တို့သည် အလင်း၏သားကဲ့သို့ လျှောက်လှမ်းရမည်ဖြစ်ပြီး အကျိုးမဲ့သော မှောင်မိုက်အမှုတို့နှင့် မသက်ဆိုင်ပေ(၅း၁၁)။ သို့ဖြစ်၍ သင်၏အထဲ၌ မှောင်မိုက်ရှိနေလျှင် ဤနှုတ်ကပတ်တော်သည်သင့်ကိုနှိုးကြားပါစေသောအိပ်ပျော်သူနိုးလော့။သေခြင်းမှထမြောက်လော့။သို့ပြုလျှင်ခရစ်တော်သည်အလင်းကိုသင့်အားပေးတော်မူမည် (၅:၁၄)။

ကျွန်ုပ်တို့သည်မည်ကဲ့သို့အသက်ရှင်၊လျှောက်လှမ်းသည်ကိုအထူးသတိထားရပါမည်ထိုကြောင့် ပညာ မဲ့ကဲ့သို့မဟုတ်၊ပညာရှိကဲ့သို့ စေ့စေ့မြေမြေ ကျင့်ဆောင်မည်အကြောင်း သတိပြုကြလော့ (၅း၁၅)။ ကျွန်ုပ်တို့သည် မဆင်မခြင် အသက်ရှင် ရမည်မဟုတ်။ မည်သည့်အရာသည် သခင်ဘုရား၏ အလိုတော်ဖြစ်သည်ကို နားလည်ရပါမည် (၅း၁၇)။ စပျစ်ရည်နှင့် ယစ်မူးသောသူများမဖြစ်ဘဲ ဝိညာဉ်တော်နှင့်ပြည့်ဝသောသူများဖြစ်ကြရပါမည်(၅း၁၈)။ ဘုရားသခင်အား ကျေးဇူးချီးမွမ်းဘို့ရန်နှင့် တစ်ပါးသူအတွက် ကောင်းချီးမင်္ဂလာ ဖြစ်စေဘို့ရန် ကျွန်ုပ်တို့၏ အထဲ၌ ဘုရားသခင်၏ အသက်တာသည် မည်ကဲ့သို့ကြွယ်ဝပြီးပြည့်လျှံ၍နေမည်ကိုသတိပြုပါ ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့။ဆာလံသီချင်းမှစသောဓမ္မသီချင်းအမျိုးမျိုးတို့ကိုအချင်းချင်းပြောဆိုဘတ်ရွတ်၍၊နှုးညွတ်သောစိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူးဇ၍ သီချင်းဆိုကြလော့။ ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ငါတို့သခင် ယေရှုခရစ်၏နာမတော်ကိုထောက်၍၊ ခမည်းတော်ဘုရား သခင်ရှေ့၊ ကာလအစဉ်မပြတ်ဝန်ခံကြလော့(၅း၁၈-၂၀)။

အိမ်ထောင်ပြုပြီးကြသောသူများအတွက် ကျွန်ုပ်တို့၏အိမ်ထောင်ရေးသည် အသင်းတော် အပေါ် ထားရှိသော ခရစ်တော်၏ မေတ္တာတော်နှင့် ခရစ်တော်အတွက် အသင်းတော်၏ ဂုဏ်ပြုမှု၊ ရိုသေလေးစားမှုကို ထင်ဟပ်စေရပါမည်။ ခရစ်တော်၏ ဘုန်းတော်ထင်ရှားစောသောအိမ်ထောင်ဖြစ်ရပါမည်။ အကယ်၍ သင်သည်ခင်ပွန်းဖြစ်လျှင် ခရစ်တော်သည် အသင်းတော်ကိုချစ်၍ မိမိကိုယ်ကိုအပ်နှင်းသကဲ့သို့ သင့်ဇနီး၏ ဦးခေါင်းအနေဖြင့်သင်သည် မိမိ ဇနီးကိုချစ်ရပါမည် (၅း၂၅)။ ခရစ်တော်သည်အသင်းတော်ကို ကျွေးမွေးပြုစု သကဲ့သို့ သင်သည်လည်းသင်၏ ဇနီးကို ကျွေးမွေးပြုစုစောင့်ရှောက်ရပါမည်(၅း၂၉)။ မိမိ ဇနီးအပေါ်ထားရှိသည့်သင်၏ချစ်ခြင်းမေတ္တာ၊ ဂရုစိုက်မှုတို့အားဖြင့် အခြားသူများသည် ခရစ်တော်ကိုမြင် သင့်ပေသည်။ ထို့နောက် သင်သည် ဇနီးသည် ဖြစ်လျှင် သခင်ဘုရား၏ အလိုတော်အတိုင်း မိမိခင်ပွန်းအားနာခံရပါမည်။ ခင်ပွန်းအပေါ်ထားရှိသော မိမိ၏ ဝန်ခံခြင်းနှင့်လေးစားမှုအားဖြင့်ခရစ်တော်အပေါ်အသင်းတော်၏ ဂုဏ်ပြု၊လေးစားမှုအား အခြားသူများမြင်သင့်ပါသည် (၅း၂၂-၂၄၊ ၃၃)။

မိဘ အုပ်ထိန်းခြင်း၏ အရေးပါသောအခန်းကဏ္ဍအပါအဝင် ကျွန်ုပ်တို့မိသားစုများ၏ အာရုံစိုက်မှုသည် သခင် ဘုရားနှင့် သူ၏ နည်းလမ်းများ အပေါ် တွင်ဗဟိုပြုရမည်ဖြစ်သည်။ ယနေ့ခေတ်၌ မြောက်များစွာသော မိသားစုများသည် အမှုကိစ္စအမျိုးမျိုး၊ ဝါသနာထုံရာများဖြင့် မအားမလပ်ဖြစ်နေကြခြင်းကို

ထောက်လျှင် သမ္မာ ကျမ်းစာ၏ အဓိကစိုးရိမ်ပူပန်မှုမှာ မိမိတို့၏သား၊သမီးများအားသခင်ဘုရား၏ အလိုတော်နှင့်ညီသော ဆုံးမသွန် သင်ခြင်းကိုပြုလျက် ကျွေးမွေးခြင်းဖြစ်၏(၆း၄)။ ခရစ်တော်၌ရှိသော ဘုရားသခင်၏ ထာဝရရည်ရွယ်ချက် ကိုထောက်လျှင် ကျွန်ုပ်တို့၏သား၊ သမီးများအတွက် ခရစ်တော်အား မိမိ တို့၏ ကယ်တင်ရှင် သခင်အဖြစ်သိစေရန်နှင့် သူတို့၏ ဘဝအား အလိုတော်အတိုင်းကြီးပြင်း လာစေရန် တတ်နိုင်သမျှကျွန်ုပ်တို့လုပ်ဆောင်ခြင်းထက် မည်သည့်အရာများ သူတို့အတွက်ပို၍အရေးကြီးပါမည်နည်း။

ယနေ့ရှိ အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများ၏ အခန်းကဏ္ဍများ၌လည်း အသုံးချနိုင်သည့် အရေးကြီးသော အခြေခံမူအချို့ကို တမန်တော်ရှင်ပေါလုသည် သူ၏ ခေတ်ရှိ သခင်များနှင့် ကျေးကျွန်များထံသို့ပေးခဲ့ပါသည်။အစေခံများအနေဖြင့်ကျွန်ုပ်တို့သည် ခရစ်တော်၏ စကားကို နားထောင်သင့်သို့ အစေခံရပါမည် (၆း၅)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကိုစောင့်၍၊ လူ၏ အစေကိုသာ ခံသင့်သို့မဟုတ်၊ သခင် ဘုရား၏ အစေကိုခံသင့်သို့ ကြည်ညိုသောသဘောနှင့် အစေခံကြရမည်ဖြစ်ပြီး ကောင်းသောအကျင့်ကို ကျင့်သောသူမည်သည်ကား၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ သခင်ဘုရား၏ လက်တော်မှ အကျိုးကို ခံရလိမ့်မည်(၆း၆-၈)။ အလုပ်ရှင်များသည်လည်း သခင်ဘုရားကိုမျှော်ကိုးလျက် မိမိတို့အတွက် အလုပ်လုပ်နေသူများ၏ သုခချမ်းသာကို အလေးထားကာငင်းတို့အား ကြမ်းတမ်းစွာမပြုရပေ (၆း၉)။

ဝိညာဉ်ရေးတိုက်ပွဲ၌ အောင်မြင်ခြင်း

ကောင်းကင်နှင့်မြေကြီးရှိ အရာခပ်သိမ်းအား ခရစ်တော်၌ ပြန်လည်ပေါင်းစည်းရန် ဘုရားသခင်၏ ထာဝရ ကာလအစီအစဉ်၏ အဓိပ္ပါယ်နှင့် အကျိုး ဆက်များကိုထောက်ရှုလျှင် မာရ်နတ်နှင့် မှောင်မိုက်တန်ခိုး များ၏ ဆန့်ကျင်မှုသည် အံ့သြစရာမဟုတ်ပေ။ ရှင်ပေါလုသတိပေးသည့်အတိုင်း ကျွန်ုပ်တို့သည် ...အသွေး အသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်ငင်း၊ အာဏာစက်တို့နှင့် ငင်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်ငင်း၊ မိုဃ်းကောင်းကင်၌ နေသောနတ်ဆိုးတို့နှင့်ငင်း၊ဆိုင်ပြိုင်တိုက်လှန်ရကြ၏(၆း၁၂)။ဤအရာသည်အလွန်ပြင်းထန်သော ဝိညာဉ်ရေးတိုက်ပွဲဖြစ်ကြောင့် ရှင်ပေါလုမှ ကျွန်ုပ်တို့အား သခင်ဘုရားအားဖြင့်ငင်း၊ တန်ခိုးတော်အရှိန် အားဖြင့်ငင်း ခိုင်ခံခြင်းရှိဘို့ရန်နှင့် မာရ်နတ်၏ ပရိယာယ်တို့ကို တားဆီးနိုင်မည်အကြောင်း၊ ဘုရားသခင်သည်ပြင်ဆင်တော်မူသော လက်နက်စုံကိုဝတ်ဆင်ဘို့ရန် အလေးအနက် တိုက်တွန်းထား၏ (၆း၁၀-၁၁)။ အခြားနေရာ များ၌ ရှင်ပေါလုပြောပြသကဲ့သို့ ငါတို့ စစ်တိုက်၍ သုံးစွဲသော လက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြ တို့ကို ဖြိုဖျက်နိုင်သော လက်နက် .. ထိုလက်နက်အားဖြင့် လူတို့၏ အကြံ အစည်တို့ကိုငင်း၊ ဘုရားသခင် ကိုသိသော ပညာကိုတားဆီးသော မာန်မာနရှိသမျှတို့ကိုငင်း၊နှိမ့်ချမှောက်လှန်၍၊ ခပ်သိမ်းသောစိတ်တို့ကိုဘမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏ စကားကိုနားထောင်စေ သောလက်နက်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရသည်မှာ အဘယ်မျှလောက်ကောင်းမြတ်သနည်း (၂ ကော ၁၀:၄-၅)။ ကျွန်ုပ်တို့ ဘုရားသခင်၏ တန်ခိုးတော် နှင့် ကွယ်ကာ ပေးမှုသည် တိုက်ပွဲအတွက် လုံလောက်သည်ထက်ပင် ပိုလျှံပါ၏။

ထိုကြောင့်၊ ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလ၌ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသောလက်နက်စုံကိုယူဆောင်ကြလော့။ သစ္စာတည်းဟူသော ခါးပန်းကို စည်းလျက်၊ ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်ဆာကိုဝတ်ဆင်လျက်၊ ငြိမ်သက်ခြင်းနှင့် ယှဉ်သော ဧဝံဂလိတရားကို ဟောပြောအံ့သော ဒှါပြင်ဆင်သော အဖြစ်တည်းဟူသော ခြေစွပ်ကို စွပ်လျက် ခံရပ်ကြလော့။ မာရ်နတ်ပြစ်ခတ်သော မီစက်လက်နက်ကို ကာသတ်နိုင်သော ယုံကြည်ခြင်းတည်း ဟူသော လွှားကို လည်းခပ်သိမ်းသော လက်နက်တို့အပေါ်မှာထပ်ဆင့်၍ ယူဆောင်ကြလော့။ ကယ်တင်ခြင်း တည်းဟူသော သံခမောက်လုံး

ကိုငင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တည်းဟူသော ဝိညာဉ်တော်၏ ထားကိုငင်း ယူကြလော့ဟု ရှင်ပေါလု ပြောဆိုထား၏ (ဧဖက် ၆း၁၃-၁၇)။ ကျွန်ုပ်တို့သည် မိမိအတွက်ငင်း၊ အခြားသော ယုံကြည်သူ များအတွက်ငင်း သတိနှင့် ဆုတောင်းနေရပါမည် ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်း ပဌာနာပြုခြင်း အမျိုး မျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုသို့ဆုတောင်း ခြင်းငှါ အားမလျော့ဘဲလျက်၊ ငါမှစ၍ သန့်ရှင်းသူ အပေါင်းတို့ အဘို့ ဆုတောင်းလျက် စောင့်ရှောက်ကြ လော့(၆း၁၈)။

ကျွန်ုပ်တို့သည် ဆုတောင်းလျက်စောင့်ရှောက် သည့်အတိုင်း ဤ ဝိညာဉ်ရေးစစ်ပွဲဆင်နွှဲနေချိန်တွင် မည်ကဲ့သို့ တိုက်ပွဲပြီးဆုံးမည်ကို သိနှင့်သောကြောင့် သခင်ဘုရားကိုချီးမွမ်းကြစို့။ ခရစ်တော်သည် အထွဋ်အမြတ်၊ အာဏာစက်များကိုလုယူလျှင်၊ ထင်ရှားစွာ ထုတ်ပြ၍လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကို ခံတော်မူပြီ (ကောလော ၂း၁၅)။ ထို့နောက် မာရ်နတ်အား ကန့်နှင့်ရောသောမီးအိုင်ထဲသို့ ပစ်ချရ မည့် အချိန်ရောက်လာ၏(ဗျာ ၂၀း၁၀)။ ကျွန်ုပ်တို့သည် အရှင်တကာအရှင်၊ ဘုရင်တကာဘုရင်ဖြစ် သော ကယ်တင်ရှင် သခင်ယေရှု ခရစ်တော်ပြန်ကြွ လာမည့် အကြောင်းနှင့်ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိရှိ သမျှတို့ကိုပေါင်း၍ ခရစ်တော်၌ ချုပ်ခြာစေတော်မူ(ဧဖက် ၁း၁၀) မည့်အချိန်ကို စောင့်မျှော်နေကြ၏၊ ထိုအခိုက်အတန့်အားစိတ်အား ထက်သန်စွာ ကျွန်ုပ်တို့ မျှော်လင့်ထားသကဲ့သို့ ကျွန်ုပ်တို့သည် ခရစ်တော်၌ ကျွန်ုပ်တို့၏ရုပ်တည်မှုကိုခံယူပြီးခရစ်တော်၌ ကျွန်ုပ်တို့ ရရှိသော ဘုန်းကြီးသောခေါ်ဆိုမှုနှင့်အညီ အသက် ရှင် နေထိုင်ရပါမည်။

ငါတို့သခင် ယေရှုခရစ်ကို အမှန်ချစ်သော သူအပေါင်း တို့၌ ကျေးဇူးတော်ရှိစေသတည်း။ အာမင် (၆း၂၄)။

ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်း သားသမီးတို့ကို ပျိုးထောင်ပါ။

(Bring Children Up In The Training And Admonition Of The Lord)

J.C. Ryle

"အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမ သွန်သင်ခြင်းကိုပြုလျက် ကျွေးမွေးကြလော (ဧဖက် ၆:၄)။

"သူငယ်သွားရာလမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှမလွှဲ၊ လိုက်သွားလိမ့်မည်(သုတ္တံ ၂၂:၆)။

သူတို့လျှောက်သင့်သည့်လမ်း

သူတို့လျှောက်လိုသည့်လမ်းမဟုတ်၊ သူတို့ လျှောက်သင့်သည့်လမ်းအား သွန်သင်ပါ။ သားသမီး များသည် မကောင်းမှုအပေါ် အဆုံးအဖြတ်ပေးသော စိတ်ဆန္ဒဖြင့် မွေးဖွားလာသောကြောင့် ၎င်းတို့ကိုယ် တိုင် ရွေးချယ်ခွင့်ပေးမည်ဆိုပါက အမှားကိုသာ ရွေးချယ်ကြမည်မှာ သေချာပေ၏။

မိခင်သည်မိမိ၏နေ့နယ်သောကလေး ငယ်အား အရပ်ရှည်မည်လား သို့မဟုတ် အရပ်တိုမည်လား၊ အားနည်းမည်လား၊ သန်မာမည်လား၊ ပညာ ရှိဖြစ် မည်လား၊ မိုက်မဲသောသူဖြစ်မည်လားဟူ၍ မည် ကဲ့သို့

ကြီးပြင်း လာမည်ကိုမပြောပြနိုင်ပေ။ သို့သော် မိမိ ကလေးငယ်သည်ဖောက်ပြန်ပျက်ဆီးပြီး အပြစ်နှင့် ပြည့်သည့် နှလုံးသားဝိုင်ဆိုင်မည်မှာအသေအချာပြော နိုင်၏။ မကောင်းမှုပြုခြင်းသည် ကျွန်ုပ်တို့အတွက် သဘာဝပင်ဖြစ်ပါသည်။ရှောလမုန်မင်းကြီးမှမိုက်သော သဘောသည်သူငယ်၏ စိတ်နှလုံးထဲမှာ ထုပ်ထား လျက်ရှိ၏(သုတ္တံ ၂၂း၁၅)၊ ...တတ်တိုင်း နေစေသော သူငယ်သည် အမိကိုအရှက်ခွဲတတ်၏(သုတ္တံ ၂၉း၁၅) ဟုပြောပြထား၏။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ကျွန်ုပ်တို့ကျင်လည်ရာမြေကြီးနှင့်တူပေ၏။ ယင်းအား ပစ်ထားမည်ဆိုလျှင် ပေါင်းပင် များပေါက် လာမည်မှာ အသေအချာပင်ဖြစ်၏။

ထို့ကြောင့် မိမိ၏ကလေးအားပညာရှိစွာ ထိန်း ကျောင်းလိုလျှင်သူ၏ဆန္ဒအတိုင်းမထားခဲ့သင့်ပေ။ သူသည်မိမိခန္ဓာကိုယ်၏ကောင်းကျိုးထက်သာ၍ သူ၏ စိတ်နှင့် ဝိညာဉ်အတွက်မည်သည့်အရာ ကောင်းသည် ကိုမသိသေးပါ။ဘာစားရမည်၊ဘာ သောက်ရမည်၊ ဘာ ဝတ်ရမည်ကိုသူကိုယ်တိုင် မဆုံးဖြတ်ပါစေနှင့်။ သူ၏ စိတ်ကိုလည်း ထိုနည်း အတိုင်းထိန်းကျောင်းပါ။ သူ အလိုရှိသည် အတိုင်း မဟုတ် ဘဲမှန်ကန်သည့် သမ္မာ ကျမ်းစာ နည်းလမ်း အတိုင်းသွန်သင်ပါ။

ခရစ်ယာန်သွန်သင်မှုမနိုယာမအတိုင်းသင်မ ဆုံးဖြတ် နိုင်ပါက ဆက်လက်ဖတ်ရှုရန် သင့်အတွက် အသုံးမဝင်ပါ။ နာခံမှု မရှိခြင်းသည် ကလေးငယ်၏ စိတ်တွင် ပထမဆုံးပေါ်လာသည့်အရာဖြစ်ပြီး ယင်းကို တွန်းလှန် ဘို့သည် သင်လှမ်းရမည့် ပထမဆုံးသော ခြေလှမ်းဖြစ်သင့်ပါသည်။

နှုးညံ့သိမ်မွေ့ခြင်း၊ ကြင်နာခြင်း၊ စိတ်ရှည်သည်းခံခြင်း အပေါင်းဖြင့်

သင်၏ ကလေးအား နှုးညံ့သိမ်မွေ့ခြင်း၊ ကြင်နာခြင်း၊ စိတ်ရှည်သည်းခံခြင်းတို့ဖြင့် သွန်သင်ပါ။

ယင်းသည် ကလေးငယ်အား အလိုလိုက်ရ မည်ဟု ဆိုလိုသည်မဟုတ်။ သို့သော် သူ့အား သင်ချစ် သည့် အကြောင်းသူမြင်အောင် သင်လုပ်ဆောင်ရမည် ဟုဆိုလိုခြင်းဖြစ်၏။ ချစ်ခြင်းမေတ္တာသည် သင်၏ အပြုအမူ တိုင်း၌လည်ပတ်ရပါမည်။ ကြင်နာခြင်း၊ နှုးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ စာနာ ခြင်း၊ ကလေး ဘဝ၌ကြုံတွေ့ရသည့်ဒုက္ခအား ကူညီ လိုစိတ်ရှိခြင်း၊ ကလေးဘဝပျော်ရွှင်မှုများ၌ ပါဝင် ရန် အဆင်သင့် ဖြစ်ခြင်း စသည်တို့သည် ကလေးငယ် များအား အလွယ်ကူဆုံးလမ်းပြနိုင်သည့် နည်းလမ်း များဖြစ်ပါသည်။ သူတို့၏ စိတ်နှလုံးသားကို ရှာဖွေလို ပါက ဤအရာများသည် အလွယ်ဆုံးလမ်းပြပို့ ဆောင် နိုင်သော သဲလွန်စများ ဖြစ်ပါ၏။

ယခုတွင် ကလေးငယ်များ၏စိတ်သည် ကျွန်ုပ် တို့၏ စိတ်ကဲ့သို့ လွှမ်းမိုးခံနေရ၏။ ခက်ထန်ခြင်းနှင့် ဆိုးသွမ်းသည့်အပြုအမူတို့သည် သူတို့ကိုရုတ်ခြည်း လွှမ်းမိုးကာ စိတ်ဓာတ်ကျစေခဲ့၏။ သူတို့၏စိတ်နှလုံး တံခါး ကိုပိတ်ပစ်လိုက်လေသည်။ သင်ကိုယ်တိုင် အတွက်လည်း ထိုတံခါးကိုရှာဖွေဘို့ရန် ပင်ပန်းနွမ်းလျ ပေလိမ့်မည်။ သို့သော်လည်း သူတို့အပေါ်၌ ထားရှိ သောသင်၏ ကြင်နာတတ်သည့်နှလုံးသား၊ သူတို့ကို ပျော်ရွှင်စေလို သည့်စိတ်၊ သူတို့အတွက် ကောင်းသည့် အရာတွေကိုသာပြုလုပ်ပေးလိုသည့်စိတ်ကိုသာ မြင် တွေ့စေပါ။သူတို့ကိုအပြစ်ပေးဆုံးမသည့်တိုင်ယင်း သည် သူတို့အတွက် ကောင်းကျိုးအတွက်ဖြစ် ကြောင်း နှင့် သူတို့ဝိညာဉ် ဖွံ့ဖြိုးရင့်သန်ဘို့ အတွက် သင်၏ နှလုံးသွေးကိုပင်ပေးမည့်အကြောင်း သူတို့ကိုမြင်တွေ့ စေပါ။ သို့ပြုလျှင် မကြာမီ အချိန်တွင် သူတို့ကို သင်သိမ်းပိုက်နိုင်လိမ့်မည်ဖြစ်၏။ ထို့နောက် သူတို့၏ အာရုံစိုက်မှုအမြဲခံဘို့အတွက်ဆိုလျှင်သူတို့အားကြင်နာ မှုအပြည့်အမြဲပေးရပါမည်။

ချစ်ခြင်းမေတ္တာသည် သွန်သင်မှု အောင်မြင် ခြင်း၏ လျှို့ဝှက်ချက်တစ်ခုပင်ဖြစ်ပါသည်။ ဒေါသနှင့် ကြမ်းတမ်းခြင်းသည် သူတို့ကို ကြောင်လန့်စေနိုင် သော်လည်း သင်မှန်ကန်ကြောင်း သူတို့ကို လက်ခံနိုင် စေမည် မဟုတ်ပေ။ သင်သည် အစဉ်ဒေါသ မထွက် ကြောင်း သူမြင်တွေ့လာသည့်အခါ သူသည်သင့်ကို ရိုသေလေးစားလာမည်ဖြစ်၏။ ရှောလုမှ ယောန သန်ကို ပြောဆိုသကဲ့သို့ (၁ ရာ ၂၀:၃၀) မိမိသားကို ပြောဆိုသော ဖခင် တစ်ယောက်သည် မိမိသား၏

စိတ်အပေါ် သူ၏ဩဇာလွှမ်းမိုးမှုအား ဆက်လက်ထိန်းသိမ်းထားရန် မမျှော်လင့် သင့်ပါ။

သင့်ကလေး၏ ချစ်ခင်တွယ်တာမှုကို ဆက်၍ ချုပ်ကိုင်ထားနိုင်ရန်ကြိုးစားပါ။ သားသမီးများကို ကြောက်လန့်အောင်ပြုမူခြင်းသည် အန္တရာယ်ရှိ၏။ အကြောက်တရားသည် ရိုးသားသော အမူအကျင့်ကို အဆုံးသတ်စေ၏။ အကြောက်တရားသည် ဖုံးကွယ်ခြင်းသို့ဦးတည်ကာဟန်ဆောင်မှုများစွာ၏မျိုးစေ့ကို ကြဲ၍ များစွာသောလူတို့ကိုအား လိမ်ညာ စေ၏။ ကောလောသဲမြို့သားများထံသို့ တမန်တော် ရေးသားသောစာသည် အမှန် တရားဖြစ်၏ အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါမပြုကြနှင့်။ ထို သို့ပြုလျှင်၊ သူတို့သည် အားလျော့စိတ်ပျက်ခြင်း သို့ ရောက်ကြလိမ့်မည်(ကောလော ၃:၂၁)။

သင်၏သားသမီးများအား ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုပေးခြင်း

သင်၏ သားသမီးများအား သမ္မာကျမ်းစာ အသိပညာရှိအောင် သွန်သင်ပေးပါ။ သမ္မာကျမ်းစာအား သူတို့ချစ်မြတ်နိုးလာအောင် သင်စွမ်းဆောင်နိုင်မည်မဟုတ်။ သန့်ရှင်းသော ဝိညာဉ်တော်မှတပါး နှုတ် ကပတ်တော်၌မွေ့လျော်သော်စိတ်နှလုံး ပေးစွမ်းနိုင်သည် မဟုတ်။ သို့သော် သင်၏ သားသမီးများအား သမ္မာကျမ်းစာနှင့်ရင်းနှီးလာစေရန် သင်စွမ်း ဆောင်နိုင်ပါသည်။ သို့သော် ထိုသမ္မာကျမ်းစာအားလျှင်မြန်စွာ သူတို့သိကျွမ်းကြမည်မဟုတ်ကြောင်းကိုလည်း သင်သိရပါမည်။

သမ္မာကျမ်းစာအား စေ့စပ်သေချာစွာသိခြင်းသည်ဘာသာတရား၏ရှင်းလင်းပြတ်သားသောအမြင်အားလုံး၏ အခြေခံအုတ်မြစ်ဖြစ်၏။ ယေဘူယျအားဖြင့် အယူဝါဒသစ်၏လေတိုက်ခြင်း၌ တုန်လှုပ်သွားခြင်းသို့မဟုတ် သယ်ဆောင်သွားခြင်းခံရခြင်းအား သမ္မာကျမ်းစာကောင်းစွာအခြေခံထားသောသူ၌ တွေ့ရလိမ့်မည်မဟုတ်ပေ။ သမ္မာကျမ်းစာကို သိ နားလည်ခြင်းမရှိသည့် မည်သည့်သွန်သင်မှုမျိုးမဆို လုံခြုံမှုမရှိ၊ စိတ်ချ၍မရပေ။

သင်၏ သားသမီးများကို သင်ချစ်လျှင် ရိုးရှင်းသော သမ္မာကျမ်းစာသည် ၎င်းတို့၏ စိတ် ဝိညာဉ်ကို သွန်သင်ပေးသည့်အရာခပ်သိမ်းဖြစ်စေပါ။အခြားသောစာအုပ်များအားလုံးအောက်သို့ချ၍ဒုတိယနေရာ ယူစေပါ။

သူတို့၏အစွမ်းခွန်အားအတွက် လွန်စွာမစိုးရိမ်ပါနှင့်။အဘယ်ကြောင့်ဆိုသော်သမ္မာ ကျမ်းစာ၌ ဘုန်း တန်ခိုးရှိသောကြောင့်ပင်။ ဤ သည်မှာ ဘုရားသခင်ဘုန်းထင်ရှားမည့် သွန်သင်ခြင်းဖြစ်သည်ကို ယုံကြည်ပါ။

သင်၏ သားသမီးများအား သမ္မာကျမ်းစာကို ရိုသေလေးစားစွာဖတ်ရှုစေပါ။ သမ္မာကျမ်းစာအား လူသားတစ်ယောက်၏စကားအဖြစ်မကြည့်ရန်နှင့် ယင်းသည် ဘုရားသခင်၏ နှုတ်ထွက်စကားဖြစ်ကြောင်း၊ သမ္မာတရားဖြစ်ကြောင်း၊ သန့်ရှင်းသော ဝိညာဉ် ကိုယ်တိုင်ရေးသားထားကြောင်းနှင့်သမ္မာကျမ်းစာသည် စစ်မှန်ကြောင်း၊ သမ္မာကျမ်းစာ၌ အကျိုးကျေးဇူးရှိကြောင်း၊ ယေရှုခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိသည်ကို ဉာဏ်ပညာရှိစေကြောင်းအား သူတို့ကိုသွန်သင်ပါ။

မှန်မှန်ဖတ်ရှုစေပါ။ ၎င်းတို့၏ ဝိညာဉ်နေ့စဉ်ကျန်းမာရေးအတွက်မရှိမဖြစ်လိုအပ်သောအရာ အဖြစ် ၎င်း၊ ၎င်းတို့စိတ်ဝိညာဉ်၏ နေ့စဉ်အစားအစာ အဖြစ် မှတ်ယူရန်သွန်သင်ပါ။ ဤအရာထက်ပို၍ သင်မဆောင်ရွက်နိုင်သည်ကိုကောင်းစွာသိ၏။ သို့သော် လည်းအပြစ်တရားသည် သွယ်ဝိုက်သောနည်းဖြင့် တားမြစ်နိုင်သည့်အတိုင်း အတာကိုမဖော်ပြထားချေ။

သမ္မာကျမ်းစာအားလုံးကို ဖတ်ရှုစေပါ။ သူတို့ ရှေ့တွင် မည်သည့်အယူဝါဒကိုမှ ယူဆောင် လာရန် မတွန့် ဆုတ်ပါနှင့်။ ခရစ်ယာန်ဘာသာ၏ အဓိကအယူဝါဒများသည် ကလေးများနားမလည် နိုင်သည့်အရာများဖြစ်သည်ဟု ယူမှတ်စရာမလိုပေ။ ကလေးများသည် ကျွန်ုပ်တို့ထင်သည်ထက် သမ္မာကျမ်းစာကို ပို၍ နားလည်ကြ၏။

အပြစ်နှင့် အပြစ်၏အနေအထား၊ အပြစ်၏ အကျိုးဆက်များ၊ အပြစ်၏တန်ခိုးအစွမ်း၊ အပြစ်၏ ဆိုးရွားမှုများကို သူတို့ထံပြောပြပါ။ ဤအရာ၌ တစ်ခုခု အားသူတို့နားလည်နိုင်သည်ကိုသင်တွေ့ရပါလိမ့်မည်။

သခင်ယေရှုခရစ်တော်အကြောင်းနှင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက်သူ၏အမှုတော်မြတ် အကြောင်း၊အပြစ်ဖြေခြင်းအကြောင်း၊လက်ဝါးကပ် တိုင်တော်အကြောင်း၊ အသွေးတော်၊ ယဇ်ပူဇော်ခြင်း၊ ကြားဝင် ဆောင်ရွက်ပေးခြင်းအကြောင်းတို့ကို ပြောပြပါ။ ဤအရာအားလုံးထဲ၌ သူတို့နားလည်နိုင်သည့် အရာ တစ်စုံခု ရှိလိမ့်မည်ကို သင်ရှာတွေ့ပါလိမ့်မည်။

လူ၏ စိတ်နှလုံးသားအား သန့်ရှင်းသော ဝိညာဉ်တော်သည် မည်ကဲ့သို့ပြောင်းလဲပေးသည်၊ မည်ကဲ့သို့အသစ်ပြုပြင်ပေးသည်၊မည်ကဲ့သို့သန့်ရှင်း စေပြီး စင်ကြယ်စေခဲ့သည်ကို ပြောပြပါ။ ဤ အရာမျိုးတွင် သူတို့သည် သင်နှင့်အတူ လိုက်လျော ညီထွေ ရှိနိုင်သည်ကို မကြာမီမြင်တွေ့ရမည်ဖြစ်သည်။ အချုပ်ဆိုရလျှင် ကလေးငယ် တစ်ဦးသည် ခမ်းနားထည်ဝါသောဝမ်းမြောက်ဖွယ်သတင်းတရား၏အလျား နှင့်အနံကို မည်မျှတာရှည်စွာ သယ်ဆောင်နိုင်မည်ကို ကျွန်ုပ်တို့မသိနိုင်ပါ။ သို့သော် သူတို့သည် ကျွန်ုပ်တို့ ထင်သည်ထက် ဤအရာများကို ပို၍တွေ့မြင်ကြ၏။

သူတို့၏စိတ်နှလုံးသားအား သမ္မာကျမ်းစာနှင့် ပြည့်ဝစေပါ။ နှုတ်ကပတ်တော်အား သူတို့၌ ကြွယ်ဝစွာကျိန်းဝပ်စေပါ။ သူတို့အား သမ္မာကျမ်းကိုပေးပါ။ ငယ်ရွယ်သောသူများဖြစ်သော်လည်း သမ္မာကျမ်းစာ တစ်အုပ် လုံးကိုပေးပါ။

ဆုတောင်းခြင်းအကျင့်

သင်၏ သားသမီးများအား ဆုတောင်းသည့် အကျင့်ရှိစေရန် သွန်သင်ပေးပါ။ ဆုတောင်းခြင်းသည် ဝိညာဉ်ရေးကြွယ်ဝမှု၏ မဟာလျှို့ဝှက်ချက်တစ်ခုပင်ဖြစ်၏။ ဘုရားသခင်နှင့် နှစ်ကိုယ်ကြားဆက်ဆံရေး များစွာရှိသည့်အခါ သင်၏ ဝိညာဉ်သည် မိုးရွာပြီး နောက်မြက်ပင်ကဲ့သို့ ပေါက်လိမ့်မည်။ ဘုရားသခင်နှင့် ဆက်ဆံရေး အားနည်းနေသည့်အခါ အရာ အားလုံး ရပ်တန်ပေလိမ့်မည်။ သင့်ဝိညာဉ်အသက်ဆက်ရှင် စေရုံမျှသာ သင်လုပ်ဆောင်နိုင်ပါမည်။ ကြီးထွား နေသည့် ခရစ်ယာန်၊ တိုးတက်နေသည့် ခရစ်ယာန်၊ သန်မာသည့်ခရစ်ယာန်၊ ကြီးပွားအောင်မြင်သည့် ခရစ်ယာန်တစ်ဦးအားပြသပါဟုဆိုလျှင် သူသည် သူ၏ သခင်နှင့် မကြာခဏစကားပြော သူဖြစ်ပါသည်။ များပြားစွာ သူတောင်းဆိုသည့်အတိုင်းများပြားစွာ ပိုင်ဆိုင်၏။ အရာခပ်သိမ်းအား ယေရှုခရစ်တော်ထံ သူပြောပြသောကြောင့် မည်ကဲ့သို့ ပြုမူဆောင်ရွက်ရမည်ကို အစဉ်အမြဲသူသိ၏။

ဆုတောင်းခြင်းသည်ကျွန်ုပ်တို့၏လက်၌ဘုရားသခင်ထားတော်မူသောစွမ်းအားအကြီးဆုံး ယန္တရား ဖြစ်၏။ အခက်အခဲတိုင်း၌အသုံးပြုရန်အကောင်းဆုံးလက်နက် ဖြစ်ပြီး ပြဿနာတိုင်းတွင် အသေချာဆုံးသော ကုထုံး ဖြစ်၏။ ၎င်းသည် ကတိတော်ဘဏ္ဍာများကို သော့ဖွင့်ပေးသည့်သော့ဖြစ်ပြီး လိုအပ်သည့် အချိန်များတွင် အကူအညီပေးသောလက်ဖြစ်သည်။ ယင်းသည် ကျွန်ုပ်တို့ လိုအပ်သမျှကိုဖြည့်ဆည်းပေးဘို့ ကျွန်ုပ်တို့၏တံပိုးဖြစ်၏။ ၎င်းသည် ကလေးငယ်တစ်ဦး၏အသံအား မေတ္တာရှိသော မိခင်တစ်ဦးကြားရသည့် ကြွေးကြော်သံကဲ့သို့ သူနားထောင်ပေးမည်ဟုကတိပြုထားသည့် သူ့ထံသို့တက်ရောက်သော ကြွေးကြော်သံပင် ဖြစ်ပါသည်။

မိဘတို့၊ သားသမီးများကိုချစ်လျှင် သူတို့အား ဆုတောင်းခြင်းအလေ့အထရှိရန်အတတ်နိုင်ဆုံး ကြိုးစားပါ။မည်သို့စတင်ရမည်ကိုသူတို့အားပြသပါ။မည်သည့်အရာပြောရမည်ကိုပြောပြပါ။ ဇွဲရှိရန်သူတို့ကို အားပေးပါ။ ယင်းအား ဂရုမစိုက်ဘဲ ပျင်းရိ နေပါက သူတို့ကိုသတိပေးပါ။ သူတို့သည် သခင် ဘုရား၏ နာမတော်ကို အမှီပြု၍ ဆုမတောင်းလျှင် သင်၏ အပြစ်မဖြစ်ပါစေနှင့်။

ယင်းသည် ကလေးတစ်ဦးခြေလှမ်းနိုင်သည့် ဘာသာတရား၏ ပထမခြေလှမ်းဖြစ်ကြောင်း သတိရပါ။ စာမဖတ်တတ်မီအရွယ်မှစ၍ သူအား မိခင်၏ နံဘေးတွင်ဒူးထောက်ရန်သင်ပေးနိုင်ပြီး ရိုးရှင်းသော ဆုတောင်း စကားနှင့် ချီးမွမ်းစကားများကို နောက်မှ လိုက်ဆိုစေနိုင်ပါသည်။ မည်သည့်လုပ်ငန်းတွင်မဆို ပထမခြေလှမ်းများသည် အမြဲပင်အရေးအကြီးဆုံးဖြစ်သကဲ့သို့ သင်၏ သားသမီးများ၏ ဆုတောင်းချက်များကို အနီးကပ်အာရုံစိုက် သင့်သည့်အချက်ဖြစ်သော ဆုတောင်းနည်းသည်လည်း ထို့အတူဖြစ်၏။ ယင်းအပေါ်၌ မည်မျှမူတည်ကြောင်း သိရှိသူနည်းပါးလှ၏။ သူတို့အား အလျင်စလို၊ ပေါ့ဆစွာ၊ မရိုမသေပြုသည့် အမူအရာဖြင့် မပြောဆိုမိစေရန် သင်သတိပြုရမည်။ ဤကိစ္စအားအခြားသူများမှကြီးကြပ် ကွပ်ကဲခြင်း မပြု

မိရန် သို့မဟုတ် မိမိသားသမီးများ မိမိကိုယ်တိုင် လုပ်ဆောင်သည့်အရာအား လွယ်လင့်တကူမယုံရန် သတိပြုရပါမည်။ မိမိကလေး၏ နေ့စဉ်ဘဝ၌ အရေးကြီး ဆုံးအပိုင်းဖြစ်သည့် ဤအမှုအား တစ်ခါမျှ မကြည့်ရှုသည့်မိခင်အား မချီးမွမ်းနိုင်ပေ။ သင်ကိုယ်တိုင် ဖန်တီးသည့် အလေ့အကျင့်တစ်ခုခု ရှိမည်ဆိုလျှင် ယင်းသည် ဆုတောင်းခြင်းအလေ့အထဖြစ်သည်။ အကယ်၍ သင့်ကလေးငယ်များ၏ဆုတောင်းသံ သင် မကြားရလျှင် ယင်းသည် သင်၌အပြစ်တင်ရန် များစွာ ရှိပေ၏။

စာဖတ်သောသူ၊ အကယ်၍ သင်သည် သင်၏ သားသမီးများကို ချစ်သည်ဆိုလျှင် ဆုတောင်းတတ် သည့် အလေ့အကျင့်အား မပျောက်ပျက် စေဘို့ရန် ကျွန်ုပ်မေတ္တာရပ်ခံချင်ပါ၏။ သင်၏ သားသမီးများ အား ဘယ်အရာ ကိုမဆို လေ့ကျင့်သွန်သင်ပေးမည် ဆိုလျှင် သူတို့အား အတတ်နိုင်ဆုံး ဆုတောင်းတတ် သည့်အကျင့်ကို လေ့ကျင့် သွန်သင်ပေးပါ။

ဆုတောင်းခြင်းနှင့် တည်ထောင်လာမည့်နိုင်ငံတော်

(Prayer And The Coming Kingdom)

By Dave Butts

ဘုရားသခင်သည် မိမိ၏ သားတော် မကြာမီ ပြန်လည်ကြွဆင်းလာမည့်အချိန်အတွက် ပြင်ဆင်သည့် နည်းလမ်းအဖြစ် သူ၏ အသင်းတော်အား ဆုတောင်း ဘို့ရန် ဖိတ်ခေါ်နေသည်။ ဗတ္တိဇံဆရာယောဟန် ပင်လျှင် သခင်ဘုရားအတွက် လမ်းကိုပြင်ဆင်ပါဟု ဖိတ်ခေါ်ခဲ့၏။

များသောအားဖြင့်ဘုရားသခင်သည်ဆုတောင်း ခြင်းနှင့်ကင်းကွာသည့် လူသားများနှင့်စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် မည်သည့်အရာကိုမျှ မလုပ်ဆောင်ပါ။ ဘုရားသခင်သည် တစ်စုံတစ်ခုကိုပြုလုပ်ရန် ပြင်ဆင် သည့်အခါ မိမိ၏လူမျိုးအား ဆုတောင်းရန် လှုံ့ဆော် ပေးခဲ့သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂,၀၀၀တွင် မိမိ၏ သားတော်အား ဤလောကသို့စေလွှတ်ချိန်၌လည်း ထိုသို့ ပင်ဖြစ်၏။ ကြွလာမည့်မေရှိယအတွက် စိတ်အား ထက်သန်စွာ ဆုတောင်းပေးသော အန္နနှင့် ရှမောင် သက်ကြီးရွယ်အိုနှစ်ဦးရှိ၏။ ယနေ့၌လည်း ကိုယ်တော် သည် အလားတူ ပြုလုပ်နေကြောင်း ယုံကြည်ရန် ကျွန်ုပ်တို့၌ ခိုင်လုံသော အကြောင်းရင်းများရှိပေသည်။

ထိုသို့ဆိုလျှင် ယနေ့အသင်းတော်သည် ဆုတောင်း သည့်အသင်းတော်အဖြစ် သင်ယူခြင်းထက်ပို၍ အရေး ကြီးသည့်အရာမရှိပါ။ ဆုတောင်းခြင်းသည် ဝိညာဉ်ရေး ရာရင့်ကျက်သောသူအတွက်သာမဟုတ်ပေ။ယင်းသည် ယနေ့ကမ္ဘာပေါ်တွင် ဘုရားသခင်လုပ်ဆောင်စေလို သည့်အရာဖြစ်၏။ ဝိညာဉ်တော်ဦးဆောင်သော ဆု တောင်းခြင်းသည်နိုးကြားဘို့ရန်ဆုတောင်းခြင်း၊ဧဝံဂေ လိသတင်းကောင်းအတွက်ဆုတောင်းခြင်းနှင့် ကင်း စောင့်ဆုတောင်းခြင်းဟူသော အချက်သုံးချက်ကို ဗဟို ပြုပါသည်။

နိုးထမှုအတွက်ဆုတောင်းခြင်း

ဘုရားသခင်သည်သူ၏လူမျိုးများအား နိုးထဖို့ ရန်အတွက် ဖိတ်ခေါ်နေသည် အိပ်ပျော်သူနိုးလော့။ သေခြင်းမှထမြောက်လော့။သို့ပြုလျှင်ခရစ်တော်သည် အလင်းကို သင့်အားပေးတော်မူမည်(ဧဖက် ၅:၁၄)။ နိုးထမှုဟူသည်မှာ အိပ်စက်နေသောအသင်းတော်မှ နိုးထလာပြီး ခရစ်တော်၏မျက်မှောက်တော်ကို ဆန်း သစ်သောနည်းလမ်းသစ်ဖြင့် စတင်ခံစားရသည့် အချိန်

ဖြစ်၏။ ယနေ့အသင်းတော်တွင် ပြန်လည်နိုးထခြင်း သို့မဟုတ် ဝိညာဉ်ရေးနိုးကြားမှုများ အလွန်လိုအပ်နေ၏။ ဘုရားသခင်သည် နိုးထလာမည့်အချိန်အား မျှော်လင့်စောင့်စား ရန်နှင့် မိမိ၏လူမျိုးအားအစဉ် ဆုတောင်းစေတော်မူကြောင်း နိုးထမှုရှိသော သူတိုင်းသည် သင့်ကိုပြောပြပေလိမ့် မည်။

ဆယ်စုနှစ်များအတွင်းအမေရိကန်ပြည်ထောင်စုနှင့် အခြားသောနိုင်ငံအများတွင် နေထိုင်ခဲ့ကြသူများ၊ အခြားလူမျိုးများစွာတို့သည် နိုးထမှုနှင့် ဘုရားသခင်၏ အသစ်သောလှုပ်ရှားမှုအတွက် ဆုတောင်းခြင်း အုတ်မြစ်လိုအပ်ကြောင်းသိနားလည်ခဲ့ကြ၏။

ကျွန်ုပ်တို့၏ နိုင်ငံနှင့် ကမ္ဘာတစ်ဝှမ်း၏ လိုအပ်ချက်များကို ဆုတောင်း ခြင်းအားဖြင့် စတင်သိမြင်လာစေ၏။ ထိုလိုအပ်ချက်များသည်လည်း ဘုရားသခင် တစ်ပါးတည်းသာဖြည့်ဆည်းပေးနိုင်ကြောင်းသိနားလည်လာသည်နှင့်အမျှ ပို၍ ပို၍ ယုံကြည်သူများပြားလာကာ ဆုတောင်းခြင်းလှုပ်ရှားမှုသည်လည်း ပိုမိုပြင်းထန်လာခဲ့၏။ သာသနာပြုသောသူများသည်လည်း ယနေ့ခေတ်တွင် ပြန်လည်နိုးထမှု ပေါ်ပေါက်လာရန်အတွက်သာ၍တိုး၍ ကြွေးကြော်လာကြ၏၊ Charles Spurgeon မှ အိုး၊ ညီအစ်ကိုတို့၊ သင်တို့ထဲ၌ မိမိ အိမ်သို့ပြန်၍ ရှေးယခင် မျိုးဆက်များကဲ့သို့ ဤနေရာ၌ အံ့ဖွယ်အမှုတို့ကို ပြုတော်မူမည့် ထာဝရဘုရားထံ ဆုတောင်းပဌနာပြုခြင်းတို့ကို ဆောင်ကြဉ်းရန်ဦးဆောင်ပေးမည့် ယုံကြည်ခြင်းကြီးမားသောသူ၊ တက်ကြွ၍ ချစ်ခြင်းမေတ္တာပိုင်ဆိုင်သော သူရှိသည်ကို ယုံကြည်ပါဟုကြွေးကြော်သကဲ့သို့များစွာသော သူတို့သည် ကြွေးကြော်ကြ၏။

နိုးထမှုအတွက်ဆုတောင်းခြင်းသည် ဘုရားသခင်ထံမှ လိုချင်သောအရာများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်သာ တောင်းဆိုခြင်းမဟုတ်ပါ။ နှိမ့်ချမှုနှင့် နောင်တရမှုဖြင့် သခင်ဘုရားရှေ့တော်သို့ တိုးဝင်ခြင်းများ ပါဝင်၏။ ဤသည်မှာ ဝမ်းနည်းဖွယ်ကောင်းသော အသင်းတော်နှင့် လူအဖွဲ့အစည်း၏ အခြေအနေအတွက်ခွင့်လွှတ်ခြင်းရရှိရန် သင်ကိုယ်တိုင် အော်ဟစ်ဆုတောင်းခြင်းဖြစ်သည်။ သခင်ဘုရား၏ ကြားဝင်ဆောင်ရွက် ပေးမှုသည် ကျွန်ုပ်တို့၏ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်ကြောင်း ယုံကြည်လျှက် ပြင်းပြင်းထန်ထန် ဆုတောင်းခြင်းဖြစ်သည်။ နိုးထမှုအတွက် ဆုတောင်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အား ပြောင်းလဲခြင်းတန်ခိုးဖြင့် ကြွလာရန်လမ်းပြင်ဆင်ပေးခြင်းဖြစ်ပါသည်။

နိုးထမှုအတွက်ဆုတောင်းခြင်း၏ကြီးစွာသော ရုန်းကန်မှုများထဲမှတစ်ခုမှာ ဆုတောင်းခြင်း၌ တည်ကြည်စွာ ဆက်လက်လုပ်ဆောင်ရန် လိုအပ်သော ယုံကြည်ခြင်းပမာဏဖြစ်၏။ဤသည်မှာကမ္ဘာကြီးအား သုံး၊ လေးပတ်အတွင်းပြောင်းလဲမည့် အစီအစဉ်မဟုတ်ပါ။ ယင်းသည် ဘုရားသခင်လှုပ်ရှားသည်အထိ သို့မဟုတ် ဆုတောင်းရလဒ် မတွေ့မချင်း အသက်သေသည့် တိုင်ဆုတောင်းရန် စိတ်ပိုင်းဖြတ်ထားခြင်းဖြစ်ပါသည်။ John Knox မှ ဤသို့ပြောခဲ့၏၊ စကော့တလန်အား ငါ့ကိုပေးပါ။ ဒါမှမဟုတ် ငါအသေခံမည်။ ၎င်းသည်သင့်ပတ်ဝန်းကျင်တွင်သင်မြင်နိုင်သည့် ဆုတောင်းယုံကြည်ခြင်း၏အားထုတ်မှုဖြစ်၏။အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိ နေရာကို လွှမ်းမိုး သကဲ့သို့၊မြေကြီးသည်ထာဝရဘုရား၏ဘုန်းတော်ကိုသိကျွမ်းခြင်းပညာနှင့်ပြည့်စုံလိမ့်မည်ဟူသောပရောဖက် ဟဗက္ကုတ် ပြောခဲ့သည့်အတိုင်းပြည့်စုံမှုမတွေ့မချင်းဆုတောင်းရန်ကတိကဝတ်ပြုရပါမည်(ဟဗက္ကုတ် ၂:၁၄၊)။

ဧဝံဂေလိတရားဟောပြောခြင်းအတွက်ဆုတောင်းခြင်း

နောက်ဆုံးသောကာလ၏အသင်းတော်မှ မှတ်သားထားသော ဆုတောင်းခြင်း၏ ဒုတိယကဏ္ဍမှာ ဧဝံဂေလိတရားဟော ပြောခြင်း ဖြစ်သည်။ မကြာမီ ယေရှုခရစ်တော်ပြန်လည်ကြွ ဆင်းလာခြင်း၏ အရှင်းလင်းဆုံး ညွှန်ပြချက်တစ်ခုမှာ ဧဝံဂေလိတရားဟောပြောခြင်း တိုးပွားလာခြင်းဖြစ်၏။ မဿဲ ၂၄:၁၄တွင် ယေရှုခရစ်တော်မှ လူမျိုး အပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီ နိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဟောရလိမ့်မည်။သို့ပြီးမှအဆုံး သည်ဖြစ်လတ့ံဟုမိန့်တော်မူခဲ့သည်။

MartinLloyd-Jonesမှပြန်လည်နိုးထမှုအတွက် ကျွန်ုပ်တို့ဆုတောင်းသင့်သည့်အဓိကအကြောင်း ရင်း

မှာ ဘုရားသခင်၏နာမတော်ကို ထင်ရှားစေပြီးကိုယ်တော်၏ ဘုန်းတော်ကို ထင်ရှားစေရန်ဖြစ်၏။ လူမျိုးနှင့် တိုင်းနိုင်ငံများအားလုံး ပြန်စဉ်းစားစေမည့်အဖြစ်အပျက်ကို မြင်လိုစိတ်ပြင်းပြသင့်၏ဟု အားကောင်းမောင်းသန်ဖြင့်ပြောဆိုခဲ့၏။

ယခုအချိန်တွင် အသင်းတော်သည် ပို၍ဆုတောင်းလေလေ၊ ပို၍တိုးပွားလာလေဖြစ်သည်။ ဆုတောင်းခြင်းသည် အံ့သြဖွယ်နည်းလမ်းများဖြင့် ဇဝံဂေလိတရားကိုလှုံ့ဆော်ပေးသည်။ လွန်ခဲ့သော နှစ်များစွာကကျွန်ုပ်၏ဇနီး Kimနှင့် ကျွန်ုပ်သည်ကမ္ဘာ့ဆုတောင်းခြင်းအစည်းအဝေးအတွက်အင်ဒိုနီးရှားနိုင်ငံ သို့ သွားရောက်ခွင့်ရခဲ့သည်။ ခရစ်ယာန်တစ်ဦးအတွက် ဤ ဆုတောင်းခြင်းအစည်းအဝေးသည် ထူးဆန်းသောနေရာတစ်ခုဟုထင်ရ၏။အင်ဒိုနီးရှားနိုင်ငံသည်အခြားနိုင်ငံများထက်မွတ်စလင်ဦးရေပို များသောနိုင်ငံဖြစ်၏။ သို့သော် ထိုနေရာမှာရှိသည့် အသင်းတော်သည် နေ့နေ့၊ ညည ရာနှင့်ချီသော ဆုတောင်းသည့်နေရာများဖြင့် အရှိန်အဟုန် ကြီးထွားလာခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံသားများသည် ဆုတောင်းရန်စုရုံးလာကြပြီး ဘုရားသခင်သည် ၎င်းတို့၏ ဆုတောင်းချက်များကို ဖြေကြားပေးခဲ့ပါသည်။

ဤလောကရှိ လယ်များ၌ ရိတ်သိမ်းသူများအတွက် သခင်ဘုရားထံဆုတောင်းရန် ဘုရားသခင်သည် အသင်းတော်အားခေါ်ဖိတ်နေ၏။ မဿဲ ၁၃း၃၉ ၌ .. စပါးရိတ်သောကာလကား ဤကမ္ဘာကုန်သော ကာလ ဖြစ်၏ဟု ယေရှုခရစ်တော်ပြောဆိုခဲ့၏။ သခင်ဘုရားသည် မိမိခေါ်တော်မူသော သူအပေါင်းတို့ကိုဆောင်ကြဉ်းပေးရန်ရန္ဓိန်သမ္ဘနည်းလမ်းအားလုံးအသုံးပြုတော်မူ၏။ ကျွန်ုပ်တို့၏ အလုပ်မှာ ခရစ်တော်၏ သတင်းစကားကြားသောသူအားလုံးပါဝင်နိုင်ရန် သခင်ဘုရား၌ ဆုတောင်းမျှဝေရန်ဖြစ်သည်။ တစ်ချိန်က Andrew Murray မှ ခရစ်ယာန် အသင်းတော်အား ဆုတောင်းရန် နှိုးဆော်သူသည် သမိုင်းတွင် ကမ္ဘာ့ဇဝံဂေလိတရား၌ အကြီးမားဆုံးသော ပုံပိုးကူညီမှုဖြစ်စေလိမ့်မည်ဟုဆိုခဲ့သည်။

ကင်းစောင့် ဆုတောင်းခြင်း

ဆုတောင်းခြင်း၏တတိယကဏ္ဍသည် ကင်းစောင့်ဆုတောင်းခြင်းဖြစ်၏။ ဓမ္မဟောင်း ယဉ်ကျေးမှုတွင်အန္တရာယ်ကိုကာကွယ်ရန်နှင့်သတိပေးရန်ရပ်ရွာများအနီးတွင် ကင်းစောင့်များထားရှိခဲ့သည်။ ဟေရာယ ၆၂:၆–၇ တွင် အိုယေရှုရှလင်မြို့၊ နေ့ညည့်မပြတ် တိတ်ဆိတ်စွာ မနေရသော လူစောင့်တို့ကို သင်၏မြို့ရိုးပေါ်မှာငါထားပြီ။ထာဝရဘုရားကိုအောက်မေ့ စေသောသူတို့၊ တိတ်ဆိတ်စွာမနေကြနှင့်။ ယေရှုရှလင်မြို့ကိုအမြဲတည်တော်မမူ၊ မြေကြီးပေါ်မှာ ချီးမွမ်းစရာအကြောင်းဖြစ်စေတော်မမူမှီတိုင်အောင်၊ဘုရားသခင်ကို မငြိမ်စေကြနှင့်ဟု ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ဆုတောင်းခြင်းနှင့် ကင်းစောင့်ခြင်း၏ သဘောတရားကို ပေါင်းစပ်ထားပြီး ၎င်းကို ဆုတောင်းခြင်းနည်းလမ်းအဖြစ် သတ်မှတ်ပေးထားသည်။

ယနေ့တွင်ဆုတောင်းသောအသင်းတော်တစ်ခု အတွက်ကြီးမားသောလိုအပ်ချက်မှာ မိမိတို့ရပ်ရွာများနှင့် တိုင်းနိုင်ငံများအတွက် ကင်းစောင့်၊ ဆုတောင်းပေးရန်ဖြစ်၏။ ကင်းစောင့်သူများသည် ၎င်းတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသည့်အရာများကို ဂရုတစိုက်အာရုံစိုက်ပြီး တစ်ချိန်တည်းတွင် ဝိညာဉ်တော်၌ဖြစ်ပျက်နေသည့် အရာများကိုပါ သတိထားကြ၏။ ကင်းစောင့်သူများသည် သခင်ဘုရားအား သူ၏ အလိုတော်နှင့်ရည်ရွယ်ချက်များပြီးမြောက်စေရန် ပတ်ဝန်းကျင်၌ဝင်ရောက်ရန် တောင်းဆိုပါသည်။ အကြပ်အတည်းကာလတွင် ခရစ်ယာန် များစည်းလုံး ညီညွတ်စွာ ဆုတောင်းလှုပ်ရှားမှုသည် အခြားသူများကိုလည်းလှုံ့ဆော်နိုင်သည်ဟုကင်းစောင့်များမှသတိပေးနှိုးဆော်ထား၏။

ပရောဖက်ဟေရှာယအဆိုအရ ကင်းစောင့်ဆုတောင်းခြင်း၏ ထူးခြားချက်တစ်ခုမှာ နေ့ညမပြတ်ဆုတောင်းခြင်းဖြစ်သည်။ နေ့ညမပြတ် တိတ်ဆိတ်စွာမနေဆိုသည်မှာကင်းစောင့်ခြင်း၏လေးနက်မှုကိုဖော်ပြခြင်းဖြစ်ပါသည်။

နှစ်များတစ်လျှောက် ယေရှုခရစ်တော်သည် သူ၏ လူတို့အား ဤကဲ့သို့ တန်ခိုးကြီးသောအသနားခံခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းသို့ လှုံ့ဆော်ပေးခဲ့သည်။ ၁၇၀၀ ခုနှစ် အစောပိုင်းတွင် Moravians များသည် နေ့ညမပြတ်ဆုတောင်းခြင်း၏ အဓိကဥပမာ

တစ်ခုပင်ဖြစ်၏။ သူတို့သည်နှစ်ပေါင်း ၁၀၀ ကျော်ကြာ မရပ်မနား ဆက်လက်ကျင်းပသည့် ၂၄/၇ ဆုတောင်း အစည်းအဝေးကို တည်ထောင်ခဲ့ကြသည်။ ယင်းသည် ကြီးမားသောသာသနာလှုပ်ရှားမှုကိုဖြစ်ပေါ်စေခဲ့ပါ သည်။

သာသနာနယ်သစ်ချဲ့ထွင်သူ Hudson Taylor သည်– ပင်တေကုတ္တာပွဲနေ့မှစ၍ အသင်းတော် တစ်ခု လုံးသည် အခြားသောအလုပ်များကို ဘေးဖယ်ထားပြီး ဝိညာဉ်တော်တန်ခိုးထင်ရှားစေရန် ဆယ်ရက်လုံးလုံး ကိုယ်တော်ကိုစောင့်မျှော်ခဲ့ကြသလော။ ကျွန်ုပ်တို့သည် နည်းလမ်း၊ စက်ယန္တရားများနှင့် အရင်းအမြစ်များကို သာ အလွန်အကျွံအာရုံစိုက်ကြပြီးတန်ခိုး၏ အရင်း အမြစ်ကိုမူ အနည်းငယ်သာအာရုံစိုက်ခဲ့ကြသည်ဟု စိတ်အား ထက်သန်သောဆုတောင်းချက်ကို နားလည် သဘော ပေါက်ခဲ့၏။

ကျွန်ုပ်တို့၏ယနေ့ခေတ်တွင် နေ့ညမပြတ် ဆုတောင်းခြင်းသည် ဆုတောင်းခြင်းအသင်းတော်၏ နိမိတ် လက္ခဏာဖြစ်လာသည်။ ဘုရားသခင်သည် သူ၏လူမျိုးများအား ဖြစ်ရိုးဖြစ်စဉ်မျှသာမဟုတ်အထူး ဆုတောင်း ကြဖို့ရန် ရှင်းလင်းစွာဖိတ်ခေါ်နေသည်။ သင်တို့သည် တနာရီခန့်မျှ ငါနှင့်အတူစောင့်၍ နေခြင်း ငှါ ဤ သို့မစွမ်း နိုင်သလော(မဿဲ ၂၆း၄၀)ဟု ယေရှု ခရစ်တော်ပြောဆိုခဲ့သည့်အကြောင်းအား ကျွန်ုပ်တို့ တဖန်ကြားရပေသည်။

ဤစာဖတ်ရှုသောသူအများစုအတွက် နေ့ည မပြတ်ဆုတောင်းခြင်းဟူသောအတွေးသည် ဆန်းပြား ပေမည်။ သင်တို့ကို ကျွန်ုပ်စိန်ခေါ်လိုသည်မှာ သင်တို့ ၏အခြေအနေကိုမကြည့်ရှုဘဲကျွန်ုပ်တို့၌ငင်း၊ ကျွန်ုပ်တို့ အားဖြင့်ငင်း ဘုရားသခင်ပြုစေလိုသော ရူပါရုံကိုကြည့် ရှုကြဘို့ဖြစ်၏။ဘုရားသခင်သည်သေး ငယ်သောအမှု ပြုခြင်းကိုမထီမဲ့မြင်မပြုပေ(ဇာခရိ ၄း၁၀)။ မရပ်တန့် လိုက်ပါနှင့်။ သင်၏ ယုံကြည်ခြင်းကို ဆွဲဆန့်ပါ။

ကျွန်ုပ်တို့သည် နေ့ညမပြတ်ဆုတောင်းခြင်း သို့မဟုတ် နိုးထခြင်းနှင့် ကမ္ဘာပေါ်ရှိ ဧဝံဂေလိတရား အတွက် ဆုတောင်းသည်ဖြစ်စေ ကျွန်ုပ်တို့၏ ရည်ရွယ် ချက်မှာ ဘုရားသခင်၏နိုင်ငံတော်ကြွလာမည်ဖြစ်ပြီး အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံ သကဲ့သို့ ကမ္ဘာမြေကြီးပေါ်၌ပြည့်စုံလာမည်ဟူသောယေရှုခရစ် ော်၏ သွန်သင်ချက်ကို သဘောတူရန်ဖြစ်၏။ သခင် ယေရှုခရစ်တော်ကြေငြာခဲ့သောနိုင်ငံတော်သည် ဤ လောကၻ မဟုတ်။ ထိုနိုင်ငံတော်သည် ဤ လောကကို အောင်မြင်ရန်ရည်ရွယ်လျက်ရှိပြီးအခြားသောမည် သည့်နိုင်ငံမှအလိုမရှိပေ။ ခရစ်တော်၏ နိုင်ငံတော် တိုး တက်ခြင်း၏ ရှေ့မျက်နှာစာသည် ဆုတောင်းသည့် အသင်းတော်ဖြစ်ပါသည်။

ဆုတောင်းခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်

Andrew Murray

အသင်းတော်၌ ဆုတောင်းခြင်းအသက်တာ ကင်းမဲ့ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အတွက် ထုတ်ဖော်မပြနိုင်သော နာကျင်မှုကိုဖြစ်စေသည့် အကြောင်းရင်းဖြစ်၏။ သန့်ရှင်းသော ဝိညာဉ်တော် ဦးဆောင်ရန်ကျွန်ုပ်တို့ပြင်ဆင်မှုမရှိခြင်းသည် ကျွန်ုပ် တို့တွင် မကြာခဏတွေ့ရလေ့ရှိသည့် ခွန်အားနည်းပါး ခြင်းနှင့်လုံးလုံးစွမ်းအားကင်းမဲ့ရခြင်း၏ အကြောင်းရင်း လည်းဖြစ်ပါသည်။ကျွန်ုတို့၏သန့်ရှင်းသော ဝိညာဉ် တော်၏ အမှုတော် မြတ်အပေါ် တွေးတော ဆင်ခြင် ခြင်းသည် ဝမ်းမြောက်ခြင်းနှင့် ကျွန်ုပ်တို့၏ ယုံကြည် ခြင်းကိုခိုင်ခံ့စေရန်အတွက်ဘုရားသခင်ခွင့်ပြု ထား၏။

သန့်ရှင်းသောဝိညာဉ်တော်သည် ဆုတောင်းပဌာနာပြုခြင်းသဘောဖြစ်၏။ဇာခရိ၁း၁၀တွင်ယင်း အားကျေးဇူးတော်ကိုခံသောသဘော၊ဆုတောင်း ပဌနာပြုသောသဘောဟူသောအမည်ဖြင့်ခေါ်ဝေါ်ထား၏။ ဆုတောင်းခြင်းကိစ္စတွင်ပေါလု၏စာစောင်များ၌နှစ်ကြိမ်တိုင် ထူးခြားစွာ ရည်ညွှန်းဖော်ပြထားသည်- အဗ္ဗ၊ အဘဟုခေါ်ရသောအခွင့်နှင့် သားဖြစ်ခြင်း၏ သဘောကိုရကြပြီ(ရော. ၈:၁၅) အဗ္ဗအဘဟု ခေါ်တတ်သော သားတော်၏ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏(ဂလာတိ ၄း၆)။ အဗ္ဗ၊ အဘ၊ဟူသော ဤစကားကို သင်တွေးတော ဆင်ခြင်ဖူးပါသလား။ ထိုနာမတော်အားဖြင့် ကျွန်ုပ်တို့၏ ကယ်တင်ရှင်သည် ခမည်းတော်ထံအကြီးမြတ်ဆုံး ဆုတောင်းချက်ကို တောင်းလျှောက်ခဲ့ပြီး ကိုယ်တော်၏ အသက်နှင့် မေတ္တာတရားကိုအကြွင်းမဲ့ ပေးဆက်ခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ခရစ်ယာန် အသက်တာအစမှစ၍ ကျွန်ုပ်တို့ကို သွန်သင်ဆုံးမရန် ရည်ရွယ်ချက်ဖြင့် ဤစကားများအား ကလေး သူငယ် ကဲ့သို့ယုံကြည်ပြီး အရှုံးပေးပြောဆိုရန် သန့်ရှင်းသော ဝိညာဉ်တော်အား ပေးထားပါသည်။ ဤ ကျမ်းပိုဒ်များမှ ကျွန်ုပ်တို့ ခေါ်သည်ဟူ၍၎င်း၊ သူ ခေါ်သည်ဟူ၍၎င်း ကျွန်ုပ်တို့ဖတ်ရ၏။ ဆုတောင်းခြင်း၌ ဘုရား သခင်နှင့်လူသား၏ ပူးပေါင်းဆောင်ရွက်မှုသည်အံ့ဩဖွယ် ကောင်းလှပေသည်။

သန့်ရှင်းသောဝိညာဉ်တော်သည်အသင်းတော်တွင် ကြီးမားသည့်အတိုင်းအတာထိသူစိမ်းဖြစ်နေကြောင်းသက်သေပြသည်မဟုတ်လော။ ကျွန်ုပ်တို့၏ မသိနားမလည်ခြင်း၊ဆုတောင်းရန်ခမည်းတော်သွန်သင်ပေးခဲ့သောသွန်သင်ဆုံးမမှုကိုမနာခံခြင်းနှင့်ဆုတောင်းခြင်းကင်းခြင်း၏နက်နဲသောအမြစ်ကို ရှာရန် ဤအရာကကျွန်ုပ်တို့အား သင်ပေးသည်မဟုတ် လော။

ဤအမှန်တရားကို ပိုမိုရှင်းလင်းစွာနားလည်လိုလျှင် ရောမ ၈:၂၆-၂၇တွင် ရေးထားသည်ကို သတိပြုရပါမည်။ ထိုမှတပါး၊ ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည်မစတော်မူ၏။။ငါတို့သည် ဆုတောင်းသင့်သည်အတိုင်းအဘယ်ဆုကိုတောင်းရမည်ဟုမသိကြ။ သို့ရာတွင် ငါတို့ဆုတောင်း ခြင်းအမှုကို နှုတ်မမြွက်နိုင်သောညည်းတွားခြင်းအားဖြင့်ဝိညာဉ်တော်သည် စောင့်မတော်မူ၏။ စိတ်နှလုံးကို စစ်တော်မူသောသူသည်လည်း ဝိညာဉ်တော်၏ စိတ်သဘောကိုသိတော်မူ၏။ အကြောင်းမူကား ဝိညာဉ်တော်သည် သန့်ရှင်းသူတို့၏ဆုတောင်းခြင်းအမှုကိုဘုရား သခင်၏အလိုတော်နှင့် အညီစောင့်မတော်မူ၏။ ဤအချက်မှ ခရစ်ယာန်တစ်ဦးသည်မည်သို့ဆုတောင်းရမည်၊ မည်သို့ဆုတောင်းသင့်သည်ကိုမသိသောကြောင့် ကျွန်ုပ်တို့အတွက်ဆုတောင်းပေးရန် သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တော်တိုင်ကိုပေးခဲ့၏။ ထို့ နောက်ခိုကိုးရာမဲ့ ဖြစ်နေသောကျွန်ုပ်တို့၏အခြေအနေတွင်ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်တွေ့ဆုံရန်ကြိုးစားနေကြောင်း၊ ကိုယ်တော်၏လုပ်ဆောင်မှုသည် ကျွန်ုပ်တို့၏အတွေးအခေါ်သို့မဟုတ်ခံစားချက်ထက်ပို၍နက်ရှိုင်းသော်လည်း ဘုရား သခင်သည် ကျွန်ုပ်တို့ကိုသတိပြုမိပြီးဖြေကြားပေးကြောင်း ထင်ရှားသည် မဟုတ် လော။

ထို့ကြောင့် ကျွန်ုပ်တို့၏ပထမဆုံးအလုပ်မှာ ကျွန်ုပ်တို့၏ မသိနားမလည်သောဆုတောင်းများဖြင့် မဟုတ်၊များစွာသောစကားလုံးများနှင့် အတွေးများ ဖြင့် မဟုတ်ဘဲကျွန်ုပ်တို့၌ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ အမှုတော်ကိုလုပ်ဆောင်နေကြောင်း ယုံကြည်ချက်ဖြင့် ဘုရားသခင်၏ မျက်မှောက် တော်သို့ လာရောက် ရန်ဖြစ်သင့်ပါသည်။ ဤယုံကြည် စိတ်ချမှုသည်ရှိသေမှုနှင့်ငြိမ်သက်မှုရှိစေမည်ဖြစ်ပြီးဝိညာဉ်တော်၏အကူ အညီအားဖြင့် ကျွန်ုပ်တို့၏ စိတ် ဆန္ဒများနှင့်လိုအပ်ချက်များကိုဘုရားသခင်ရှေ့တော် တွင် နေရာချနိုင်စေမည်ဖြစ်သည်။ဆုတောင်းခြင်း အားလုံးအတွက်ကြီးမြတ်သောသင်ခန်းစာမှာ-သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းညွှန်မှုတွင် သင့်ကိုယ်သင်ကတိသစ္စာပြုရန်နှင့် သူ့အပေါ် အပြည့်အဝမှီခိုအားထားကာ ပထမနေရာပေးရန်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်အားဖြင့်သင်၏ ဆုတောင်းခြင်းသည် သင်စိတ်ကူးဖြင့်မမှီနိုင်သော တန်နိဘိုးတစ်ခုရှိမည်ဖြစ်ပြီး ကိုယ်တော်အားဖြင့်လည်းသင့်အလိုဆန္ဒများကိုခရစ်တော်၏နာမ၌ထုတ်ဖော် ပြောဆိုရန်သင်ယူရလိမ့်မည်ဖြစ်၏။

ဤယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏အတွင်း ပိုင်းရှိသေခြင်းတရားနှင့် စိတ်ပျက်အားငယ်ခြင်း တို့ကို ကာကွယ်ပေးမည်ဖြစ်သည်။ ဆုတောင်းပဌနာတိုင်း တွင် ကျွန်ုပ်တို့ဆုတောင်းသံကို ခမည်းတော်သည် နားထောင်တော်မူ၍ သားတော်၏ နာမတော်အားဖြင့် ကျွန်ုပ်တို့ဆုတောင်းကာ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ အထဲ၌ဌင်း၊ ကျွန်ုပ်တို့အတွက်ဌင်း ဆုတောင်းပေး၏။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် မှန်ကန် သော ဆက်ဆံရေးရှိရန်နှင့်သူ၏အမှုတော်ကို နားလည် ရန် မည်မျှအရေးကြီးပါသနည်း။

အောက်ပါအချက်များသည်အလေးအနက်ထား ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

၁။ဘုရားသခင့်သားတော်၏ဝိညာဉ်တော်၊သန့် ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်း၌ရှိနေ ကြောင်း ဘုရား၏ အဖြစ်မှန်အတိုင်း ကျွန်ုပ်တို့အခိုင် အမာ ယုံကြည်ကြပါစို့။ ယင်းအား သင်ဆင်ခြင်ဘို့မလို၊ သင်သိသည်ဟုမစဉ်းစားလေနှင့်။ယင်းသည်အလွန်ကြီး မြတ်ပြီးမြင့်မြတ်သည့်အတွေးတစ်ခုဖြစ်ကာ သန့်ရှင်းသော ဝိညာဉ်တော်တစ်ပါးတည်းသာ ယင်းကို နားလည်စေနိုင်၏။ ဝိညာဉ်တော်သည် ငါတို့၏ ဝိညာဉ် နှင့်အတူသက်သေခံတော်မူ၏(ရောမ၈:၁၆)။ ကျွန်ုပ် တို့၏ရပ်တည်ချက်မှာကျွန်ုပ်တို့၏စိတ်နှလုံးသည် သူ၏ ဗိမာန်တော်ဖြစ်ပြီးသူသည်ကျွန်ုပ်တို့အတွင်း၌ကျိန်းဝပ် ကာ ဝိညာဉ်နှင့်ခန္ဓာကိုယ်ကိုအုပ်စိုးကြောင်းစိတ်ချမှု အပြည့်ဖြင့်ယုံကြည်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့ ဆု တောင်းနေသရွေ့ ဘုရားသခင်ကို ကျေးဇူးတင်ကြ ပါစို့။ကျေးဇူးတော်ချီးမွမ်းခြင်းသည်ကျွန်ုပ်တို့၏စိတ် နှလုံးကို ဘုရားသခင်ထံဆွဲငင်စေပြီး ကိုယ်တော်ထံ ကျွန်ုပ်တို့အားဆက်သစေသည်။ ၎င်းသည် ကျွန်ုပ်တို့၏ အာရုံစိုက်မှုကိုဖယ်ထုတ်ပြီး ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ ဝိညာဉ်တော် အတွက် နေရာပေးလိမ့်မည်။

ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအသက်တာ မရှိဘဲ ခမည်းတော်နှင့်သားတော်တို့ကိုဖော်ပြတော်မူ သော ကိုယ်တော်၏ ဝိညာဉ်တော်ကိုဘေးဖယ်ကာ ထာဝရ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရန်ကြိုးစား ခဲ့ကြမည်ဆိုလျှင်ဤအမှုသည်ကျွန်ုပ်တို့အတွက်အလွန် လေးလံသည်ဟု ခံစားရမည်မှာ အံ့သြစရာမဟုတ်ပေ။

၂။ကျွန်ုပ်တို့၌ဝိညာဉ်တော်ကျိန်းဝပ်ပြီး အလုပ် လုပ်ကြောင်းယုံကြည်မှုအား လက်တွေ့ကျင့်သုံးရာတွင် ကျွန်ုပ်တို့၌ ဝိညာဉ်တော်ပြီးမြောက်စေလိုသောဆန္ဒရှိ သမျှကိုလည်းနားလည်ရပါမည်။ ဆုတောင်းခြင်း၌ သူပြုသောအမှုသည် သူ၏အခြားသောအလုပ်နှင့် နီးကပ်စွာဆက်စပ်နေ၏။ သူ၏ ပထမဆုံးနှင့်အကြီး မြတ်ဆုံးအလုပ်မှာခရစ်တော်အားခပ်သိမ်းသော နေရာ ၌ ရှိသောသူ၏မေတ္တာနှင့်တန်ခိုးဖြင့်ထုတ်ဖော် ပြသရန် ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသော ဝိညာဉ်တော် သည်ဆုတောင်းခြင်းဖြင့်ကျွန်ုပ်တို့ကြားရသည့် သေချာ သောအခြေအနေအတိုင်းကိုယ်တော်၏အသွေးတော် နှင့်နာမတော်ကိုအဆက်မပြတ်သတိရစေပါလိမ့်မည်။

ထို့အပြင်သန့်ရှင်းသောဝိညာဉ်တော်အနေဖြင့် ကျွန်ုပ်တို့အား အပြစ်ကိုသိရန်၊ မုန်းတီးရန်နှင့် ဖယ်ရှား ရန် သွန်သင်ပေးလိမ့်မည်။ သူသည် အလင်းနှင့် ဉာဏ် ပညာ၏ဝိညာဉ်တော်ဖြစ်ပြီး ကောင်းကင် နိုင်ငံတော်၏ လျှို့ဝှက်နက်နဲမှုနှင့် ဘုရားသခင်၏လျှံလျှက်ရှိသော ကျေးဇူးတော်ထဲသို့ ပို့ဆောင်ပေးသောသူဖြစ်၏။ သူ သည် ကျွန်ုပ်တို့အား ခရစ်တော်အတွက်သက်သေခံ ရန်နှင့် နူးညံ့သိမ့်မွေ့သောစိတ်ဖြင့်အမှုတော်ဆောင် ရန် သွန်သင်ပေးသောချစ်ခြင်းမေတ္တာ၊တန်ခိုးတော်၏ ဝိညာဉ်ဖြစ်၏။ ဤကောင်းချီးများအားလုံးအား ဝိညာဉ် တော်နှင့် နီးကပ်စွာချိတ်ဆက်လေလေ၊ ကိုယ်တော် ၏ ဘုရားဖြစ်ခြင်းကို ကျွန်ုပ်တို့ပို၍ ယုံကြည်လေလေ၊ ဆုတောင်းရန်မိမိကိုယ်ကိုလမ်းညွှန်မှုပြုရန် အဆင်သင့် ဖြစ်လေလေဖြစ်၏။ ဝိညာဉ်တော်ကို ဆုတောင်းခြင်း၏ ဝိညာဉ်တော်အဖြစ်သိလျှင် ကျွန်ုပ်၏ ဘဝသည်မည်မျှ ကွာခြားသွားပါမည်နည်း။ နောက်ထပ်သင်ယူရမည့် အရာတစ်ခု ကျန်နေသေး၏။

၃။ ဝိညာဉ်တော်သည် ကျွန်ုပ်၏ အသက်တာ ကို အပြည့်အဝပိုင်ဆိုင်လို၏။ ကျွန်ုပ်တို့သည် ဝိညာဉ် တော်အတွက်ပို၍ဆုတောင်းကြပြီး ဤဆုတောင်း ချက်နှင့်အတူဝိညာဉ်တော်သည်ကျွန်ုပ်ကိုပို၍အလိုရှိ သည်ဟူသောအမှန်တရားကိုသတ်မှတ်ပေးမည်ဆိုလျှင် ဝိညာဉ်တော်သည်ကျွန်ုပ်အားလုံးလုံးလျားလျား အုပ်စိုး လိမ့်မည်။ ကျွန်ုပ်၏ဝိညာဉ်သည် သူကျိန်းဝပ်ရာ နေရာနှင့်အမှုတော်အတွက် ကျွန်ုပ်၏ ကိုယ်ခန္ဓာ တစ်ခု လုံး၌ရှိသကဲ့သို့သန့်ရှင်းသောဝိညာဉ်တော်သည်ကျွန်ုပ်၏

ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကို သူ၏ကျိန်းဝပ်ရာ နေရာအဖြစ်၊ သူ၏ ထိန်းချုပ်မှုအောက်တွင် လုံးလုံး လျားလျား ထားရှိရမည်ဖြစ်သည်။ဝိညာဉ်တော်သည်လုံးလုံးလျားလျား အသစ်သော တည်ထောင်မှုဆီသို့ ညင်သာစွာ ပို့ဆောင်နေကြောင်းကိုစတင်ရိပ်မိခြင်းမရှိပဲ ထက်ထက်သန်သန် ဆက်၍ဆုတောင်းနိုင်မည် မဟုတ်ပါ။ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ကိုယ်တော်ကို ရှာပါ၏ဟူသော စကားသည် ကျွန်ုပ်တို့၏အသက်တာ၏ ဆောင်ပုဒ်ဖြစ်လာရန် ဝိညာဉ်တော် ကူညီဖေးမလိမ့်မည်ဖြစ်၏။ ကျွန်ုပ်တို့၌ စိတ်နှစ်ခွရှိသောအရာသည် အမှန်တကယ်အပြစ်ရှိကြောင်းကိုလည်း သိစေ မည်ဖြစ်သည်။ သူသည် ခရစ်တော်အားအပြစ် ရှိသမျှမှ လွတ်မြောက်စေသောသူ၊ ကျွန်ုပ်တို့ကိုကာကွယ်ရန် အမြဲအသင့်ရှိသော အနန္တတန်ခိုးရှင်ဖြစ်ကြောင်းဖော်ပြ တော်မူမည်။ ထို့ကြောင့်ကိုယ်တော်သည် ကျွန်ုပ်တို့အား မိမိကိုယ်ကို မေ့လျော့ရန်၊ဆုတောင်းခြင်းဖြင့်ယဇ်ပူဇော်ရန်နှင့်ကျွန်ုပ်တို့အားသူ၏ရည်ရွယ်ချက်များကိုအကောင်အထည်ဖော်ရန်ဘုရားသခင်ကိုးစားနိုင်သည့်ကြားဝင် ဆောင်ရွက်ပေးသူအဖြစ်လေ့ကျင့်ပေးကာ မိမိ၏ အသင်းတော်အတွက်နေ့ညမပြတ်ဆုတောင်းသောသူဖြစ်စေ မည်ဖြစ်၏။

ဘုရားသခင်သည်ကျွန်ုပ်တို့အားဝိညာဉ်တော်ကိုသိရှိရန်နှင့်ဆုတောင်းခြင်းဝိညာဉ်တော်အဖြစ်ကိုယ်တော်အားရှိသေလေးမြတ်ရန်ကူညီမစပေးတော်မူပါ စေသော။

ကျေးဇူးတင်စကား

ပြန်လည်ကြွလာခြင်းသတင်းကောင်းသည်လည်း မြန်မာနိုင်ငံတွင် နေထိုင်နေကြသော ဘုရားသား/သမီးများနှင့် အသင်း တော်များထံတွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ သတင်းကောင်းကို ကျယ်ပြန့်စာဖြန့်ဝေခွင့်နိုင်ခွင့်ရရှိသောကြောင့် ဘုရား သခင်ကို အထူးဘဲချီးမွမ်းပါသည်။

မိတ်ဆွေများက ဤသတင်းကောင်းစာစောင်ကို ပေးကမ်းဘို့ရန်နှင့် မိမိအသင်းတော်များအတွက်အလို ရှိပါကအောက်ပါ လိပစာသို့ ဆက်သွယ်နိုင်ပါသည်။

Rev.Run Lian

G.P.Box 1349

Yangon, Myanmar

Thar Yar Kone Village, No.(4) Main Road, Hmawbi Towship

Tel: 09 452112354